မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် သတင်းထောက်များအား ရှင်းလင်းပြောကြား

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကော်မရှင် တွဲဖက်အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ရှေ့နေချုပ် ဦးအေးမောင်နှင့် ဦးသောင်းညွန့်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဂါဒီယန် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် ကျိုဒို၊ အန်တာရာ၊ နီဟွန်ကေဇိုင်းရှင်ဘွန်း၊ မိုင်နိချိ၊ ဆင်ဟွာ၊ AFP၊ TBS၊ AP၊ NHK၊ ဖူဂျီတီဗွီ၊ ရိုက်တာ၊ NTV၊ တိုကျိုရှင်ဘွန်း၊ အဆာဟိရှင်ဘွန်း၊ တီဗွီ အဆာဟိ၊ ဆန်ကေးရှင်ဘွန်း၊ ဂျီဂျီ၊ ယူမိယူရီရှင်ဘွန်း၊ EPA စသည့် သတင်းဌာန၊ ရုပ်/သံလွှင့်ဌာနနှင့် သတင်းစာတို့မှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းရှိ ဂျာနယ်၊ မဂ္ဂဇင်းများမှ အယ်ဒီတာချုပ်များနှင့် သတင်းတာဝန်ခံများ စုစုပေါင်း ၅၅ဦး တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❐

အမျိုးသားညီလာခံနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

တစ်ပတ်အတွင်း ကမ္ဘာ့သတင်းနှင့် အင်တာနက်အညွှန်း

အာကာသ ခရီးစဉ်အတွက် နာဆာမှ အာကာသယာဉ်မှူး ခေါ်ယူ

အာရှ၌ခရီးသည်အများဆုံးလက်ခံပေးနိုင်မည့်လေဆိပ်

တစ်ပတ်အတွင်း ကမ္ဘာ့သတင်းနှင့် အင်တာနက်သတင်းစာတ်ပုံ (စာ — ၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

သက်ကြီးရွယ်အိုစောင့်ရှောက်ရေး တိုးမြှင့်ဆောင်ရွက်

ယခုအခါ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၅၀၀ ကျော်ရှိနေပြီ ဖြစ်သည်။ အသက် ၆၀ နှင့်အထက် သန်း ၆၉၀ သည်လည်း သက်ကြီးရွယ်အိုဘဝကို ရောက်ရှိနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လူဦးရေ ၅၅ ဒသမ ၄ သန်းကျော်ရှိသည့်အနက် အသက် ၆၀ နှင့်အထက် အဘိုးအဘွား ၄ ဒသမ ၆ သန်း ပါဝင်၍ လူ ၁၂ ဦးလျှင် တစ်ဦးသည် သက်ကြီးရွယ်အိုဘဝကို ရောက်ရှိလာပြီဟု ဆိုနိုင်သည်။

နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"**ဟု ကုလသမဂ္ဂအဖွဲ့ကြီးက စတင်ဂုဏ်ပြုသတ်မှတ်ခဲ့သည့် ၁၉၉၉ ခုနှစ်ကစပြီး မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားများကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် အဋ္ဌမနှစ် တိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်လျက်ရှိရာ၌ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ အပါအဝင် လူမှုရေးစောင့်ရှောက်မှု အထူးပြုဆောင်ရွက်ပေးရမည့် လူမှုရေးအုပ်စုများ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများသည် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာနှင့် နိုင်ငံတော်၏ မူဝါဒတို့ တစ်ထပ်တည်းကျနေသည့် လူမှုရေးလုပ်ငန်းပင် ဖြစ်သည်။

မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် ရှေးမင်းအဆက်ဆက်တို့သည် သူအိုသူနာ ပြုစုစောင့်ရှောက်ခြင်း အမှုကို နိစ္စဒါန ထာဝရကုသိုလ်အဖြစ် အလေးထားဆောင်ရွက်ခဲ့ကြသည်။ အင်းဝခေတ် သာလွန်မင်း လက်ထက် ခရစ်နှစ်၁၁၅၆ ခုနှစ်တွင် သက်ကြီးရွယ်အို ဘိုးဘွားများအား ကျွေးမွေးပြုစုသည်ကို မင်းကုသိုလ် အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့ကျူးကျော်စစ်၏ စစ်ဘေးစစ်ဒဏ်ကြောင့် ခိုကိုးရာမဲ့ဖြစ်ရသည့် ဘိုးဘွားများ နိုင်ငံအနှံ့ ပေါ်ပေါက်လာခဲ့စဉ်တွင်လည်း ဒေါ်ဦးဇွန်းသည် စစ်ကိုင်းတောင်ရိုး၌ **"မင်းကွန်းဘိုးဘွားရိပ်သာ"**ကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် ၁၂၇၆ ခုနှစ်၌ မြန်မာနိုင်ငံ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ဘိုးဘွားရိပ်သာ ၅၂ ခုအထိရှိပြီး ဘိုးဘွား ၂၁၉၆ ဦးကို လက်ခံစောင့်ရှောက်ထားလျက်ရှိသည်။

အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစနစ် အစီအစဉ် အဆင့်(၁)ကို ၂၀၀၃ခုနှစ် ဧပြီလမှစ၍ အာဆီယံနိုင်ငံများအတွင်း၌ စတင်ဖော်ဆောင်ခဲ့ရာ မြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ် ဧပြီလမှစတင်ကာ ဆောင်ရွက်နေသည်။ အစီအစဉ်အဆင့်(၂) ၂၀၀၆-၂၀၀၉ကိုလည်း အခြားအာဆီယံ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့စိတ်ရင်းကူညီခြင်းဟူသည့် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ဓလေ့စရိုက်နှင့်အညီ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း အောင်မြင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကြိုးပမ်းကြခြင်းဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ပေးသွားကြမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

သန်လျင်မြို့ သောက်တော်တွင်းရပ် ဘုရားလမ်း အမှတ် ၅၇ နေ ဦးတင်ထွန်း၊ ဒေါ်အေးအေးမော်မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့အား တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အောင်မြင်ရေး အလံအပ်နှင်း

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့အား ပြိုင်ပွဲအောင်မြင်ရေးအလံအပ်နှင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အောင်မြင်ရေးအလံအပ်နှင်းပြီး အမှာစကားပြောကြားသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြိုင်ပွဲအနုပညာရှင်များက ရန်ကုန်တိုင်း ကိုယ်စားပြု အရေးပြိုင်ပွဲဝင်များ စုပေါင်းရေးသားသည့် "ရန်ကုန်တိုင်း အောင်လံ ရွှေဝန်းရံ"သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းမှ အနုပညာရှင်များ ကိုယ်စား ရန်ကုန်တိုင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးလှိုင်ဝင်းထံသို့ အောင်မြင်ရေးအလံကို အပ်နှင်းသည်။**(ယာပုံ)**

ယင်းနောက်တိုင်းမှူးကအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ပထမရရှိသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်အား တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က လက်ခံရယူသည်။

ဂုဏ်ပြုလက်မှတ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့က အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များအလိုက် ပထမဆုရရှိသည့် ခရိုင်များအား ဆုများပေးအပ် ချီးမြှင့်ပြီး အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

လက်ခံယူ

ယင်းနောက် ရန်ကုန်တိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက လှူဒါန်းသည့်ငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ဦးသန်းနိုင်က ပေးအပ်လှူဒါန်းရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ဦးက လက်ခံယူသည်။

ယှဉ်ပြိုင်မည်

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ရန်ကုန်တိုင်းမှ ဝါသနာရှင်(ပထမအဆင့်) ၁၄၁ဦး၊ ဝါသနာရှင်(ဒုတိယအဆင့်) ၇၅ဦး၊ အဆင့်မြင့်ပညာအဆင့် ၅၁ဦးနှင့် အခြေခံပညာအဆင့် ၁၇၆ဦးဖြင့် စုစုပေါင်းအနုပညာရှင် ၄၄၃ဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညနေပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ မိုးလေဝသသတင်း
၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆၃)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစုံစမ်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ယောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၂၉)

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု အမျိုးသမီးရေးရာအဖွဲ့ ပျဉ်းမနားမြို့နယ် ဘုရားကိုးဆူစေတီ၌ ဆီမီးပူဇော်

နေပြည်တော် အောက်တိုဘာ ၈

နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေသခံပြည်သူများစုပေါင်း၍ ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၁၈၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၆ရက် ည၇နာရီခွဲက ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ ဘုရားကိုးဆူစေတီတော်၌ ကျင်းပသည်။

တက်ရောက်ဆီမီးပူဇော်

သီတင်းကျွတ်လပြည့်နေ့ ဆီမီးပူဇော်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဘုရားကိုးဆူစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့ မန်ကျီးတော ဝတ်ရွတ်အသင်းနှင့် အများပြည်သူများ တက်ရောက်ဆီမီးပူဇော်ကြပြီး ဝန်ကြီးနှင့်ဇနီးတို့က အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁၀-၂၀၀၆ (တနင်္လာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ အလှတရား၏ လျှို့ဝှက်ချက်
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ သိစေချင်သည် ICT (Winner Group)
၇း၄၅ တေးဂီတအစီအစဉ်
၇း၅၀ မုဒ္ဒန်းရွာမှသဘာဝလက်ဆောင်
၇း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀ လှပဆင်ယင် သတို့သမီးဖက်ရှင်
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ အစဉ်အလာကောင်းမည့် ရေလှောင်တမံ "ခပေါင်း"
၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ စွဲမက်စရာ မြန်မာ့ရွဲခြင်းပညာ
၉း၄၀ မိုးလေဝသခန့်မှန်းချက်
၉း၄၅ ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း-၁)
၁၀း၀၅ တေးဂီတစီအစဉ်
၁၀း၁၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ အသည်းခြောက်ရောဂါ လက္ခဏာများ (ဒေါက်တာခင်မောင်ဝင်း)
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာစံဇာဏီဘိုနှင့်တွေ့ဆုံခြင်း)
၁၁း၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲနှင့် (၄၃)ကြိမ်မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့် တက်ရောက်လာကြသူများက ကန်တော့ခံ ရုပ်ရှင် သက်ကြီး အဘိုး အဘွား အနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲနှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတက်ရောက် ရုပ်ရှင် သက်ကြီးအဘိုးအဘွား အနုပညာရှင်များအားပူဇော်

ရန်ကုန် အောက်တိုဘာ ၈

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲနှင့် (၄၃)ကြိမ်မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် အနုပညာရှင်များ၊ ကန်တော့ခံ ရုပ်ရှင်သက်ကြီး အဘိုး၊ အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ ရုပ်ရှင် သက်ကြီး အဘိုး အဘွား အနုပညာရှင်ကြီးများအား ကန်တော့ငွေ၊ ကန်တော့ပစ္စည်းနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးမြင့်စိုးတို့က ၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင် အကယ်ဒမီ ဦးငြိမ်းမင်းက ကန်တော့ချိုးဖြင့်တိုင်ကာ ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ကန်တော့ခံ ရုပ်ရှင်သက်ကြီးအဘိုး၊ အဘွား အနုပညာရှင်များအား ပူဇော်ကန်တော့ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ကန်တော့ခံ ရုပ်ရှင်သက်ကြီးအဘိုး၊ အဘွားအနုပညာရှင်ကြီးများကိုယ်စား ဘိုကလေး ဦးတင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ကန်တော့ခံ ရုပ်ရှင်သက်ကြီးအဘိုး၊ အဘွား အနုပညာရှင်ကြီးများအား ကန်တော့ငွေ၊ ကန်တော့ပစ္စည်းနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် ဒုတိယအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဈေးပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက်ကိုရီးယားခရီးသွားဆောင်းပါး 'အမ်ဘီစီက တီဗွီဒရာမာစတူဒီယို'၊ မြန်မာနိုင်ငံမှရော်ဘာသစ်များကို ထိုင်းက ဘတ်ငွေဘီလီယံချီပြီး ဝယ်ယူမည်၊ လစာသုံးသောင်းနှင့်အထက်ရသော ပုဂ္ဂလိကဝန်ထမ်းများ ဝင်ငွေခွန်ပေးဆောင်မှုပျက်ကွက်လျှင် လုပ်ငန်းရှင်က ပေးဆောင်ရမည်၊ ဘိုင်အိုဒီဇယ်အတွက် ဓာတ်ကူပစ္စည်းကို ပီလောပီနံမှထုတ်လုပ်ရန် စီစဉ်လျက်ရှိ စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

'အသုံးမကျတဲ့ဘက်ခမ်း' အားကစားသတင်းဆောင်းပါးနှင့်အတူ ကြယ်တာရာနက္ခတ်များကြည့်ခွင့်ရရန် အိုက်စလန်၌မီးပိတ်ပေး၊ လေယာဉ်ပေါ်၌ သုညဆွဲငင်အားကို ခွဲစိတ်ကုသမှုစမ်းသပ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ (က-ပ)

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့ကြပ်မတ်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၈

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသောနေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၅ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ မြတ်ဆရာကန်တော့ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးနှင့် ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများက ကန်တော့ကြစဉ်။ (က-ပ)

ရခိုင်တန်ဆောင်းအသင်း ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၈

ရွှေတိဂုံစေတီတော်(စနေထောင့်)ရှိ ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ နဝမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် ရခိုင်တန်ဆောင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ယာဉ်နှင့် လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲ ဆိုင်ခန်းများဖွင့်လှစ်ရောင်းချရန်ဖိတ်ခေါ်

ရန်ကုန် အောက်တိုဘာ ၈

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲ၌ မော်တော်ယာဉ်နှင့် ဆက်စပ်အပိုပစ္စည်းများဖြစ်သည့် စက်ဆီ၊ ချောဆီ၊ တာယာ၊ ဘက်ထရီ၊ ကားဘော်ဒီယို၊ ကားပေါလစ်နှင့် ယာဉ်အလှဆင် ပစ္စည်းအရောင်းဆိုင်များ၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခွင့်ပြုသွား မည်ဖြစ်သည်။ ဆိုင်ခန်းဖွင့်လှစ် ရောင်းချလိုသူများ အနေဖြင့် ဦးစိုးမြတ်အောင် ဖုန်း-၀၁-၅၅၆၀၈၃၊ ဖက်စ် ၀၁-၅၅၆၀၈၃ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိ ချယ်ရီကားထုတ်လုပ်ရေး လုပ်ငန်းခွင်ကို အောက်တိုဘာ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်ဝန်း၌ ကုလတပ်ဖွဲ့ဝင် ၉၀၀၀၀ကျော် ဖြန့်ချထား

ဂျီနီဗာ အောက်တိုဘာ ၈

ကမ္ဘာတစ်ဝန်းတွင် ယခုအခါနေရာဂရနေရာ၌ ကုလသမဂ္ဂ၏ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များနှင့် အရပ်သားဝန်ထမ်းများ ဖြန့်ချထားမှုမှာ စုစုပေါင်း ၉၃၀၀၀ ရှိနေရာ ကုလသမဂ္ဂ သမိုင်းတွင် အများဆုံး အရေအတွက် ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက အောက်တိုဘာ၄ရက်၌ ပြောကြားသည်။

အဆိုပါ အရေအတွက်တွင် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် ၇၀၀၀၀ခန့် ရှိနေရာ တပ်ဖွဲ့ဝင် အရေအတွက်မှာ တစ်နှစ်အတွင်း ၁၄၀၀၀၀ ခန့်အထိ အရေအတွက် မြင့်တက်လာရန် ရှိနေကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ဂျိန်းမာရီကွီဟန်နိုက ပြောကြားသည်။

စီစဉ်

ယခုအခါ အာဖဂန်နစ္စတန်တွင် ကုလသမဂ္ဂမှ တပ်ဖွဲ့ဝင် ၃၄၃၇ ဦးရှိနေရာ အခြားတပ်ဖွဲ့ဝင်များနှင့် ဆိုလျှင် ၁၁၅၉၆ဦးရှိသည်။ တီမောတွင် တပ်ဖွဲ့ဝင် ၁၀၅၄ဦးနှင့် ကုလသမဂ္ဂ အရပ်ဘက် ဝန်ထမ်း၁၆၀၈ဦး စေလွှတ်ရန်လည်း စီစဉ်ထားသည်။

စေလွှတ်

ထို့အတူ ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၁၇၃၀၀ ဦး၊ ရဲတပ်ဖွဲ့ ၅၃၀၀နှင့် အရပ်ဘက်ဝန်ထမ်း ၄၈၆၀ စေလွှတ်ထားသည်။

ခန့်မှန်းထား

ထိုကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များအတွက် ၂၀၀၆ခု နှစ်လယ်မှ ၂၀၀၇ခု နှစ်လယ်အထိ ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာခြောက်ဘီလီယံအထိ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

အမ်အင်အေ၊ရိုက်တာ

အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် ပြင်သစ်၌ ဆေးလိပ်သောက်မှု ပိတ်ပင်မည်

ပါရီ အောက်တိုဘာ ၈

ပြင်သစ်နိုင်ငံတွင် လာမည့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁ရက်ထက် နောက်မကျဘဲ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအပါအဝင် အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်မှုကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆေးလိပ်သောက်မှု ပိတ်ပင်ခြင်းကို အဖွဲ့ဝင်၃၁ဦးပါရှိသော ပြင်သစ်ပါလီမန်က အောက်တိုဘာ ၃ ရက်၌ ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။ သီးခြား ဆေးလိပ်ရောင်းချခွင့်နှင့် သောက်သုံးခွင့်နေရာများ သတ်မှတ်ပေးရန်လည်း စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို တိုက်တွန်းသွားမည် ဖြစ်သည်။

ဆောင်ရွက်

ယခုကဲ့သို့ ဆေးလိပ်သောက်မှု ပိတ်ပင်ခြင်းကို လာမည့်နှစ်၌ အချိန်ကာလစောစွာ ပိတ်ပင်ခြင်း စတင်နိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းအတွက် ပြည်သူများအနေဖြင့် လက်ခံရန် အသင့်ဖြစ်နေမည်ဖြစ်ကြောင်း ပြင်သစ် ကျန်းမာရေးဝန်ကြီးဘာရင့်ကပြောကြားသည်။

ပြင်သစ်နိုင်ငံတွင်ဆေးလိပ်သောက်သုံးမှုကြောင့် နှစ်စဉ်ပြည်သူ ၃၀၀၀မှ ၅၀၀၀ အထိ သေဆုံးနေရကြောင်း၊ ဆေးလိပ်သောက်သူ အရေအတွက်မှာလည်း နှစ်စဉ် ၆၆၀၀၀ခန့် တိုးပွားလျက် ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၈

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ကင်းလှည့်လာစဉ် ပြောက်ကျားတို့၏တိုက်ရိုက် လက်နက်ငယ်များဖြင့် အောက်တိုဘာ ၅ ရက်က ပစ်ခတ်ခဲ့၍ သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသည် ဘဂ္ဂဒက်အခြေစိုက် နိုင်ငံစုံတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ရာ ဒေသစံတော်ချိန် နံနက်၉နာရီက ပစ်ခတ်ခံရကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်ကိုအမေရိကန်ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ယခုအခါ ၂၇၂၅ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မီးပုံးပျံပွဲတော်

နယူးမက္ကဆီကို ပြည်နယ် အယ်လ်ဘူကွာကျူးမြို့တွင် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မီးပုံးပျံပွဲတော် ကျင်းပနေသည်ကို အောက်တိုဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလားအုတ်တစ်ကောင်၏ရုပ်ကြွင်းများ ဆီးရီးယား၌ တူးဖော်တွေ့ရှိ

ဒမတ်စကတ် အောက်တိုဘာ ၈

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကြီးထွားသည့် ကုလားအုတ်မျိုးစိတ်ရှိသည်ကို မသိရသေးသော်လည်း ယခုအခါ ဆီးရီးယားနိုင်ငံအလယ်ပိုင်းမှ နှစ်၁၀၀၀၀၀က ကုလားအုတ်တစ်ကောင်၏ ရုပ်ကြွင်းများကို ဆွစ်ဇာလန်သုတေသီများက တူးဖော်တွေ့ရှိသည်။

အရေးပါ

လွန်ခဲ့သည့်နှစ် ၁၀၀၀၀၀ကျော်က အရှေ့အလယ်ပိုင်းတွင် ထိုသို့သောဗို့တစ်လုံးကုလားအုတ်ရှိခဲ့သည်ကို ယခင်ကမသိခဲ့ကြောင်း၊ ယခုကဲ့သို့ ရုပ်ကြွင်းများ တူးဖော်တွေ့ရှိခြင်းသည် ဧရာမအရေးပါသည့် တွေ့ရှိချက်ဖြစ် ပြီး သိပ္ပံပညာတွင် တော်လှန်ရေး တစ်ရပ်လည်းဖြစ်ကြောင်း ကာဆယ်တက္ကသိုလ်မှ ပါမောက္ခ ဂျင်းမာရီတင်ဆိုရာက ပြောကြားသည်။

ကြီးမား

ထိုကုလားအုတ်မှာ သစ်ကုလားအုတ်၊ သို့မဟုတ် ဆင်တစ်ကောင်ခန့် ကြီးမားသည်ဟု ဆိုသည်။

မိမိတို့သည် ကြီးမားသောသတ္တဝါတစ်ကောင်၏ သဲလွန်စကို ၂၀၀၃ ခုနှစ်က ပထမဆုံးစတွေ့ကြောင်း၊ သို့သော်လည်း ကြီးမားသောကုလားအုတ်ဖြစ်သည်ဟု မသေချာခဲ့ကြောင်းဖြင့်လည်း ပါမောက္ခ ဂျင်းမာရီတင်ဆိုရာက ပြောကြားသည်။

အင်အင်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်၌ ဘိန်းပိုမိုထုတ်လုပ်လာမှု ကုလသမဂ္ဂသတိပေး

ဂျီနီဗာ အောက်တိုဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းများပိုမိုထုတ်လုပ်လာသည့်အတွက် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံအများစုအပါအဝင် နိုင်ငံပေါင်း ၉၀တို့အနေဖြင့် ဘိန်းဖြူအလွန်အကျွံ သုံးစွဲမှုကြောင့် အသေအပျောက်ပိုမို များပြားလာမှုအတွက် ကြိုတင်ပြင်ဆင်ထားကြရန် ကုလသမဂ္ဂက ကြာသပတေးနေ့တွင် သတိပေးလိုက်သည်။

စံချိန်တင်

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံးကထုတ်ပြန်သည့် ၂၀၀၆ ခုနှစ် အာဖဂန်ဘိန်းဆန်းစစ်လေ့လာချက်တွင် ဘိန်းဖြူချက်လုပ်သည့် ဘိန်းထုတ်လုပ်မှုပမာဏမှာ ယမန်နှစ်ကထက် ၅၀ ရာခိုင်နှုန်းပိုကာ တန်ချိန် ၆၁၀၀အထိ စံချိန်တင်ထွက်ရှိကြောင်း ဖော်ပြထားသည်။ ယင်းပမာဏမှာ ကမ္ဘာ့ဘိန်းဖြန့်ဖြူးမှု၏ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

သတိပေး

ဘိန်းဖြူနှင့်ပတ်သက်၍ ပြဿနာရှိသောနိုင်ငံများမှ ဝန်ကြီး ၉၀ နီးပါးတို့ထံသို့ ယင်းကိစ္စကို စာရေး၍ သတိပေးထားကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီညွှန်ကြားရေးမှူး အင်တိုနီယိုမာရီယာကော့စတာက ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ ဆင်းရဲသည့်လယ်သမားများ ဘိန်းစိုက်ပျိုးမှု ရှောင်ရှားရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် ၁၀ နှစ်မှ ၁၅ နှစ် အထိတိုက်ပွဲဝင်ရဦးမည်ဖြစ်ကြောင်း အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နစ်မြုပ်

ဂျပန်နိုင်ငံအရှေ့ဘက်ကမ်းလွန်တွင် ပနားမားအလံ လွှင့်ထူထားသော သံမဏိတန်ချိန် ၉၈၆၀၀ တင်ဆောင်ထားသည့် ဂမ့်စတက်အမည်ရှိ သင်္ဘော နှစ်ပိုင်းပြတ်သွားပြီး နစ်မြုပ်လျက်ရှိသည်ကို အောက်တိုဘာ၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနေသည်ကို အောက်တိုဘာ ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှု နှေးကွေး

ဗန်ကောက် အောက်တိုဘာ ၈

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်များ တင်ပို့မှုနှေးကွေးနေဆဲဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပုံမှန်ပြန်ပြုလုပ်သင့်ကြောင်း ထိုင်းနိုင်ငံ ဗဟိုဘဏ်အကြီးအကဲ ပရီဒီယာသွန်ဒီဗာကူလာက အောက်တိုဘာ၇ရက်၌ ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာ၁၉ရက်က စစ်ဘက်မှ အာဏာသိမ်းခဲ့ပြီးနောက်ပိုင်း ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့သည်။ လောလောဆယ်တွင် ထိုင်းနိုင်ငံ၌ အသေးစား စီးပွားရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုရှိနေသော်လည်း အကြီးစား စီးပွားရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုအသစ်ရရှိရန် ဆွဲဆောင်ရမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ကြိုးစားမည်

ထို့အတူ တိုးတက်မှု နှေးကွေးသွားခဲ့သော ပြည်ပပို့ကုန်များ ပုံမှန်တိုးတက်မှုရရှိရန်နှင့် ငွေကြေးဈေးကွက် တည်ငြိမ်မှုရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ထိုင်းဗဟိုဘဏ်အကြီးအကဲ ပရီဒီယာသွန်ဒီဗာကူလာက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယ၌ သွေးလွန်တုပ်ကွေးဖြစ်ပွား ၃၈ ဦးသေဆုံး၊ ၂၉၀၀ ကျော် ဝေဒနာခံစားနေရ

နယူးဒေလီ အောက်တိုဘာ ၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ပြည်နယ်ငါးခုတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် လူ ၃၈ဦး သေဆုံးပြီး ၂၉၀၀ကျော် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး အမ်ဘူမာနီရာမာဒေါ့စ်က အောက်တိုဘာ ၆ ရက်၌ ပြောကြားသည်။

ပျံ့နှံ့ဖြစ်ပွား

ခြင်ကိုက်ခြင်းမှ ဖြစ်ပွားသော အဆိုပါရောဂါသည် အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ်လကုန်မှ စတင်ကာ ပျံ့နှံ့ ဖြစ်ပွားနေခြင်းဖြစ်ပြီး နယူးဒေလီမြို့ အပါအဝင် ဥတရာပရာဒေ့ရှ်၊ ဂူဂျာရတ်၊ ရာဂျာစတန်၊ အနောက်ဘင်ဂယ်နှင့် ကီရာလာပြည်နယ်တို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ ဆေးရုံများသို့ တင်ပို့ကာ ဆေးကုသမှုခံယူလျက်ရှိသည်။

နယူးဒေလီမြို့အနီး ဝန်းကျင်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် လူ ၁၅ ဦးသေဆုံးပြီး ၆၇၀ ရောဂါဖြစ်ပွားလျက်ရှိသည်။ အဆိုပါနေရာများသည် ယခင်နှစ်များက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်း မရှိသောနေရာများဖြစ်သည်။

အိန္ဒိယနိုင်ငံ တစ်ဝန်းတွင် ပြီးခဲ့သည့်နှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၀၀၀ ခန့်ရှိပြီး ၁၅၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ

ပေကျင်း အောက်တိုဘာ ၈

တရုတ်နိုင်ငံတွင် အောက်တိုဘာ ၆ရက်က ကျောက်မီးသွေးမိုင်းတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် လူ ၁၃ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ မိုင်းတွင်းမှာ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အနောက်တောင်ဘက်တွင်ရှိသော မိုင်းတွင်းဖြစ်ပြီး ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် လူ ၁၃ ဦးသေဆုံးသည့်အပြင် အခြားခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးလောင်စာစွမ်းအင်ကို ၇၀ရာခိုင်နှုန်းခန့် အသုံးပြုလျက်ရှိသဖြင့် ကျောက်မီးသွေးမိုင်းတွင်းများ မတော်တဆ ဖြစ်ရပ်ဖြစ်ပွားမှုများပြားခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

တောင်ကိုရီးယားက ဇင်ဘာဘွေသို့ ဆေးပစ္စည်းများ ထောက်ပံ့ကူညီပေးမည်

ဟာရာရေး အောက်တိုဘာ ၈

တောင်ကိုရီးယားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီအနေဖြင့် ၂၀၀၆ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဇင်ဘာဘွေနိုင်ငံသို့ ဆေးဝါးဆိုင်ရာ အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာငါးသောင်းတန်ဖိုးရှိသော ဆေးပစ္စည်းများကို ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက အောက်တိုဘာ ၆ ရက်၌ ဖော်ပြသည်။

လွှဲပြောင်းပေး

ထိုသို့ အကူအညီထောက်ပံ့ပေးမည့်ဆေးပစ္စည်းများကို ဇင်ဘာဘွေနိုင်ငံတောင်ပိုင်း ဟာရာရေးမြို့တွင်ရှိသော အမျိုးသားဆေးဘက်ဆိုင်ရာကုမ္ပဏီတစ်ခု၌ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံထုတ် သည်ဟီရယ်ဒ်သတင်းစာ၌ ဖော်ပြသည်။

တိုးတက်

ဇင်ဘာဘွေနှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့သည် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော် ကာလကပင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်လာခဲ့ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ကြောင်း ဇင်ဘာဘွေနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီး ဂျွန်ဆွန်ပက်က ပြောကြားသည်။

တိုးမြှင့်

တောင်ကိုရီးယားနိုင်ငံသည်ဇင်ဘာဘွေနိုင်ငံ အပါအဝင်အခြား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အတူ စီးပွားရေးနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ဟု ဂျွန်ဆွန်ပက်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နှင့် ဂျပန်ရင်းနှီးစွာဆက်ဆံမည် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးပြောကြား

တိုကျို အောက်တိုဘာ ၈

တရုတ်နှင့် ဂျပန်တို့သည် ရင်းနှီးစွာဆက်ဆံပြီး နှစ်နိုင်ငံ နိုင်ငံရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးရော ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်သစ်ရှင်ဇိုအာဘေးက အောက်တိုဘာ ၅ ရက်တွင် ပြောကြားလိုက်သည်။

၎င်းသည် ဂျပန်နှင့် တရုတ်ဆက်ဆံရေးနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ဆက်ဆံရေးဆိုင်ရာဘတ်ဂျက်ကော်မတီအစည်းအဝေး၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် နှစ်နိုင်ငံဆက်ဆံရေးမှ ခွဲထွက်မရကြောင်း၊ အတူ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် စီးပွားရေးနှင့် အခြားနယ်ပယ် အသီးသီးတွင် ယုံကြည်မှုကို တည်ဆောက်သင့်ကြောင်း ၎င်းက ပြောကြားသည်။ အာဘေးသည် စက်တင်ဘာ၂၆ရက်က ဝန်ကြီးချုပ်တာဝန်စတင်ယူခဲ့သည်။ ၎င်းသည် အောက်တိုဘာ ၈ ရက်မှ ၉ ရက်အထိ တရုတ်နိုင်ငံသို့ တရားဝင်သွားရောက်လည်ပတ်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးရုံးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသက်အကြီးဆုံးကျောင်းသား



ကလေးငယ်များနှင့်အတူ စာသင်နေသော အဘိုးအိုတစ်ဦးကို တွေ့ရစဉ်။ **(ယာပုံ)**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့အနောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာ လန်ဂတ်စ်မြို့တွင်ရှိသော မူလတန်းကျောင်းတစ်ကျောင်း၌ အသက် ၈၆ နှစ်အရွယ်ရှိ ကီမာနီ မာရူဂီအမည်ရှိ အဘိုးအိုတစ်ဦးက ကျောင်းတက်ပြီး စာသင်လျက်ရှိရာ ၎င်းသည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး မူလတန်းကျောင်းသားတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရမည်ဖြစ်သည်။ **(အင်တာနက်)**

မွေးနေ့ကိတ်ကြီး

မွေးနေ့ရှင် ၅၇ ဦးက စုပေါင်းပြုလုပ်ထားသော မွေးနေ့ကိတ်မုန့်ကြီးတစ်ခုကိုတွေ့ရစဉ်။ **(ဝဲပုံ)**

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ကျိုနန်မြို့တွင် အောက်တိုဘာ ၁ရက်၌ မွေးနေ့ကျရောက်သူ တရုတ်နိုင်ငံသား ၅၇ ဦးတို့က အရှည် ၅ ဒသမ ၇ မီတာ၊ အကျယ် ၂ မီတာ ရှိသော ကိတ်မုန့်ကြီးတစ်ခုကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းတွင် သီတင်းတစ်ပတ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်ပတ်သက်သည့် ထူးထူးခြားခြား သတင်းအချို့ကို စုစည်းပြီး မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

အောက်တိုဘာ ၂

– တောင်ကိုရီးယားနိုင်ငံသည် လာမည့် ၂၀၁၇ခုနှစ်မတိုင်မီ နျူကလီးယားဓာတ်ပေါင်းဖိုလေးခု အသစ်ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ထိုသို့ ဓာတ်ပေါင်းဖိုများအသစ်တည်ဆောက်ရန် စီစဉ်ရခြင်းမှာ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ၄၀ရာခိုင်နှုန်းကျော်ကို နျူကလီးယားစွမ်းအင်မှ ရယူနေရခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

– စင်ကာပူနိုင်ငံရှိ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၀၅ခုနှစ်က ခရီးသည် ၃၂ ဒသမ၄ သန်းအထိလက်ခံနိုင်ခဲ့ပြီး လာမည့်နှစ်နှစ်အတွင်း ခရီးသည် ၆၂သန်းအထိ လက်ခံနိုင်မည်ဖြစ်ရာ အာရှ၌ ခရီးသည်အများဆုံးလက်ခံပေးနိုင်သည့် လေဆိပ်ဖြစ်လာကြောင်း အာရှလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အောက်တိုဘာ ၃

– ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀အောက် ကျဆင်းသွားခဲ့ရာ ပြီးခဲ့သည့် ခုနစ်လတာကာလအတွင်း အနိမ့်ဆုံးဈေးနှုန်းပင်ဖြစ်သည်။

– တီရာနာမြို့မှ အစ္စတန်ဘူလ်မြို့သို့ ပျံသန်းလာသော တူရကီလေကြောင်းလိုင်းမှ ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းကို အပိုင်စီးသူနှစ်ဦးက အီတလီနိုင်ငံ ရောမလေဆိပ်သို့ အတင်းအကျပ် မောင်းနှင်ဆင်းသက်စေခဲ့ရာ ၂၀၀၆ခုနှစ်အတွင်း ပထမဆုံးလေယာဉ်အပိုင်စီးမှုဖြစ်ပွားခြင်းပင် ဖြစ်သည်။

အောက်တိုဘာ ၄

– ယခုရာစုနှစ်ကုန်လျှင် ကမ္ဘာ့မြေမျက်နှာပြင်၏ သုံးပုံတစ်ပုံသည် မိုးခေါင်ရေရှားခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများ ကြုံတွေ့ရမည်ဖြစ်ကာ ရေသယံဇာတများလည်း ပျက်စီးဆုံးရှုံးရမည့် ဘေးဒုက္ခနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာ၌ ဖော်ပြသည်။

– အီရန်နိုင်ငံတွင် နျူကလီးယားစက်ရုံ ၁၈ရုံမှ ၃၀အထိရှိပြီး နိုင်ငံအနှံ့အပြား၌ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် တည်ဆောက်ထားကာ အချို့စက်ရုံများသည် မြေအောက် အလွန်နက်သော နေရာများတွင် တည်ဆောက်ထားခြင်းဖြစ်သည်ဟု ဥရောပနျူကလီးယားသိပ္ပံပညာရှင်များအဖွဲ့က ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

– အာရှဒေသသည် ကမ္ဘာ့သံမဏိ ထုတ်လုပ်မှု၏ ထက်ဝက်ကို ထုတ်လုပ်လျက်ရှိပြီး ကမ္ဘာ့ထိပ်တန်း သံမဏိလုပ်ငန်းကြီး ၁၀ ခုအနက် လေးခုမှာ အာရှတွင်ရှိနေရာ ၂၀၂၅ ခုနှစ် အရောက်တွင် အာရှသည် ကမ္ဘာပေါ်၌ သံမဏိအများဆုံးထုတ်လုပ်ရာ ဒေသဖြစ်လာမည်ဟု ကမ္ဘာ့စီးပွားရေး စစ်တမ်း၌ ဖော်ပြထားသည်။

အောက်တိုဘာ ၅

– အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁ဒသမ ၆၈ ဘီလီယံခန့်ကို ဂျပန်နိုင်ငံအား ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ရာ ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း အင်ဒိုနီးရှားမီဒီယာများက ဖော်ပြသည်။

– တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ကျောက်မီးသွေးမိုင်းတွင်းများ၌ မတော်တဆ ဓာတ်ငွေ့ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့မှုကြောင့် လူပေါင်း ၃၃၀၀သေဆုံးခဲ့ရရာ ကမ္ဘာပေါ်တွင် ကျောက်မီးသွေး မိုင်းများ မတော်တဆဖြစ်ရပ်ဖြင့် သေဆုံးသူအရေအတွက် အများဆုံးနိုင်ငံဖြစ်ကြောင်း ဆင်ဟွာ သတင်း၌ ဖော်ပြသည်။

– မက္ကဆီကို နိုင်ငံမှ မူးယစ်ဆေးဝါး ၄ဒသမ၈ ကီလိုဂရမ်ကို ကိုယ်ခန္ဓာ၌ သယ်ဆောင်လာသော အမေရိကန်နိုင်ငံသား အသက် ၈၃နှစ် အရွယ်ရှိ အဘွားအိုကို နယ်စပ်၌ ဖမ်းဆီးလိုက်ရာ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး မူးယစ်ဆေးဝါး သယ်ဆောင်သူ အဘွားအိုဖြစ်လာကြောင်း ပြည်တွင်း မီဒီယာများက ဖော်ပြသည်။

အောက်တိုဘာ ၆

– တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၀ ပြည့်နှစ်က ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံအဖြစ်မှ ယနေ့တွင် ကမ္ဘာပေါ်၌ စီးပွားရေးတိုးတက်မှု အကြီးမားဆုံး ဖြစ်ထွန်းနေသည့် ၁၀ နိုင်ငံ မြောက် နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း တောင်ကိုရီးယား သံတမန်တစ်ဦးက ပြောကြားသည်။

– ကမ္ဘာ့မြို့ကြီးများတွင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် အချိန်မတန်မီ စောစီးစွာ သေဆုံးကြရသူ နှစ်သန်းကျော်ရှိကြောင်း၊ သေဆုံးသူများမှာ အူကင်ဆာ၊ နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါများကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၇

– အာဖရိကတိုက်ရှိ ကင်မရွန်းနိုင်ငံတွင် စိုစွတ်သောနေရာများ၌ ပေါက်ဖွားသော ယင်မည်းများ အကိုက်ခံရမှုကြောင့် မျက်စိကွယ်သူများပြားလျက်ရှိရာ ကင်မရွန်းတစ်နိုင်ငံလုံးတွင် ခြောက်သန်း ခန့်ရှိကြောင်း သိရသည်။

– အိန္ဒိယနှင့်တောင်အာဖရိကနှစ်နိုင်ငံအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရန် တောင်အာဖရိက သမ္မတသာဘိုအမ်ဘီကီနှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ သဘောတူလက်မှတ်ရေးထိုး လိုက်သည်။ သဘောတူညီချက်တွင် တောင်အာဖရိကနိုင်ငံအား အိုင်တီနည်းပညာများ ပံ့ပိုးပေး မည့်အချက်လည်း ပါဝင်သည်။

အောက်တိုဘာ ၈

– ကနေဒါနိုင်ငံက ခေတ်သစ်တိုက်လေယာဉ်အမျိုးအစားသစ်ကို ထုတ်လုပ်လိုက်သည်။ ၎င်း တိုက်လေယာဉ်သစ်သည် ကမ္ဘာပေါ်တွင် အပေါ့ပါးဆုံးနှင့် အလျင်မြန်ဆုံး မောင်းနှင်ပျံသန်း နိုင်သော လေယာဉ်ဖြစ်ပြီး အရွယ်အစားသေးငယ်ကာ မြားပုံသဏ္ဌာန်ဖြစ်ကြောင်း ကနေဒါမီဒီယာ များက ဖော်ပြသည်။ (အောက်ပုံ)



– ကယ်လီဖိုးနီးယားပြည်နယ်တွင် နေထိုင်သော ပြည်သူ ၆ဒသမ၅သန်းခန့်တွင် ငါးဦးလျှင် တစ်ဦးမှာ ကျန်းမာရေးအာမခံချက် မရှိကြောင်း၊ လုံလောက်သော ကျန်းမာရေးဖြည့်ဆည်းနိုင်မှု မရှိကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ကျန်းမာရေး သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

(ကိုးကား–အင်တာနက်)

အာကာသခရီးစဉ်အတွက် နာဆာမှ အာကာသယာဉ်မှူးခေါ်ယူ

ဥရောပနှင့် အခြားနိုင်ငံတကာ အာကာသယာဉ်စခန်း(အိုင်အက်စ်အက်စ်)မိတ်ဖက်နိုင်ငံများမှ အာကာသယာဉ်မှူးများအား အသေးစားအာကာသယာဉ်တစ်စင်းဖြင့် လာမည့်နှစ်အစောပိုင်း၌ အာကာသသို့လွှတ်တင်ရန် နာဆာက စီစဉ်လျက်ရှိသည်။

အာကာသခရီးစဉ်အတွေ့အကြုံရှိသော ဥရောပ အာကာသယာဉ်မှူး တစ်ဦးကို ထပ်မံ စေလွှတ်မှုအပြင် အခြား အာကာသယာဉ်မှူးအသစ်များကို အဆိုပါ အသေးစားအာကာသယာဉ်ဖြင့် လာမည့် ၂၀၀၇ခုနှစ် အောက်တိုဘာ၌ အာကာသသို့ လွှတ်တင်ရန် နာဆာက စီစဉ်နေသည်။

ဆန္ဒပြုထား

ယခုအခါ အာကာသယာဉ်မှူး အဖြစ် တာဝန်ထမ်းဆောင်လိုသူများကို ခေါ်ယူလျက်ရှိရာ ဂျာမနီနိုင်ငံမှ ဟန်စ်ချယ်ဂယ်က အာကာသယာဉ်မှူးအဖြစ် ဆန္ဒပြုထားကြောင်း သိရသည်။

နာဆာအနေဖြင့် လာမည့်နှစ် အစောပိုင်းလွှတ်တင်မည့် အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူး ခြောက်ဦးစေလွှတ်ရန် စီစဉ်ထားသည်။

(ကိုးကား–အင်တာနက်)



အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကလေးငယ်များ ကျန်းမာရန်နှင့် အဝမလွန်ရန် နေ့စဉ်တစ်နာရီခန့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်သင့်

ကလေးငယ်များအနေဖြင့် နေ့စဉ် တစ်နာရီခန့် လေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်း၊ ထိုသို့ လေ့ကျင့်ခန်းပြုလုပ်ပါက အဝမလွန်မှုနှင့် ကြံ့ခိုင်သန်မာမှုတို့ဖြစ်စေကြောင်း လန်ဒန် သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းပြုလုပ်ရာတွင် လမ်းလျှောက်ခြင်းလည်းပါဝင်ပြီး တစ်နေ့လျှင် အနည်းဆုံးတစ်နာရီခန့် လမ်းလျှောက်ပေးခြင်းသည် ကလေးများအတွက် အသင့်တော်ဆုံးလေ့ကျင့်ခန်းပင် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပိုမိုအကျိုးများ

သုတေသနပညာရှင်များအနေဖြင့် ကလေးငယ်ပေါင်း ၅၄၅ဦးအား စနစ်တကျ သုတေသနပြုခဲ့ရာ သီတင်းတစ်ပတ်လျှင် သုံးရက်၊ တစ်နေ့မိနစ် ၃၀ ခန့်လေ့ကျင့်ခန်း ပြုလုပ်သည့် ကလေးငယ်များထက် တစ်နေ့လျှင် တစ်နာရီနေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်သည့် ကလေးငယ်များက ကိုယ်ခန္ဓာ ကြံ့ခိုင်မှု၊ ကိုယ်အလေးချိန်လျှော့ချနိုင်မှုနှင့် ကျန်းမာမှုတို့တွင် ပိုမိုအကျိုးများကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။သို့ရာတွင် ကိုယ်လက်လှုပ်ရှားမှုတစ်ခုတည်းနှင့် လုံလောက်မှုမရှိကြောင်း၊ ကလေးငယ်များ အဝမလွန်ရန်နှင့် ကျန်းမာသန်စွမ်းရန် အနေအထိုင်အစားအသောက်လည်း ဆင်ခြင်ရန်နှင့် မျှတရန်လိုအပ်ကြောင်း ၎င်းတို့က ထောက်ပြ အကြံပြုထားသည်။

ကလေးငယ်များအနေဖြင့် နေအိမ်၌ ပြေးလွှားဆော့ကစားခြင်းသည်လည်း ကျန်းမာရေးကို အထောက်အကူပြုစေသည့် အချက်တစ်ချက်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင်ပါမောက္ခဂျွန်ရီလီက ပြောကြားသည်။ **(ကိုးကား–အင်တာနက်)**

မိခင်ကြီး ဒေါ်ခင်ညွန့်အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီး လမ်း အမှတ်(၉)နေ သားသမီး မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကြီးမှူး၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် ဒုတိယ အကြိမ်မြောက် (မင်္ဂလာဈေး) ဈေးသူ ဈေးသားများနှင့် ဓမ္မမိတ်ဆွေများ၏ စုပေါင်း မဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ရက်ကကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

မန္တလေးတိုင်း မိုးစပါးရည်မှန်းချက်စိုက်ဧကဝသိန်း ပြည့်မီကျော်လွန်အောင်စိုက်နိုင် နွေစပါးဧကနှစ်သိန်း အပြည့်အဝစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အမျိုးသားရေးတာဝန်ကျေပွန်ရန် ကြိုးစား

ရန်ကုန် အောက်တိုဘာ ၈

မန္တလေးတိုင်း ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးပွဲအခမ်းအနားကို အောက်တိုဘာ ၂ရက် နံနက် ၈နာရီခွဲက အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ မျိုးသန့်စံပြကွေ ၄၀၀ စိုက်ကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

ရှေ့ဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ဆောက်တောဝကျေးရွာမျိုးသန့်စံပြကွေ ၄၀၀ စိုက်ကွင်းတွင် မျိုးသက်တမ်းအလိုက်စမ်းသပ်ကွက်များ၊ မြေသြဇာစမ်းသပ်ကွက်များ၊ ခေါင်နှံဖြင့် မျိုးပွားထုတ်လုပ်ခြင်း၊ စိုက်ကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ ဘက်တီးရီးယားရွက်ခြောက်ရောဂါခံနိုင်ရည်စမ်းသပ်ကွက်များနှင့် စုပေါင်းတမန်းနှီးဓာတ်မြေသြဇာကြဲပက်မှုနှင့် ထွန်တုံးပိတ်စုပေါင်းကောက်စိုက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လယ်ယာသုံးပံ့ပိုးပစ္စည်းအရောင်းဆိုင်များ၊ စိုက်ပျိုးရေးဌာနတို့မှ ထုတ်လုပ်သော အားဖြည့် မြေသြဇာများ၊ ဓာတ်မြေသြဇာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ မန္တလေးတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးထွန်တုံးပိတ်စိုက်ပျိုးပွဲအခမ်းအနားကျင်းပရာ အစီအစဉ်အရ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က မန္တလေးခရိုင်၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ခေါင်းဆောင် တိုင်းဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက မန္တလေးတိုင်းအတွင်း ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးဧက ၁၀သိန်း ထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှုနှင့် အောင်ရေရရှိရေးစီစဉ်ဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြင်က မိုးစပါးတစ်ဧက ပျမ်းမျှ တင်း ၁၀၀နှုန်းထွက်ရှိရေးဆောင်ရွက်ရမည့် နည်းပညာများအားရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ထွန်တုံးပိတ်ပွဲတွင် ပါဝင်စိုက်ပျိုးခဲ့သော ကောက်စိုက်လုံမေများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍တိုင်းမှူးကအမရပူရမြို့နယ်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖြန့်ဖြူးပေးသော ယူရီးယား ဓာတ်မြေသြဇာများကို ပေးအပ်သည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် မန္တလေးတိုင်း၏ လယ်ယာကဏ္ဍ သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၌ အရေးကြီးဆုံးဖြစ်သည့် ဒေသ ဝမ်းစာဖူလုံမှုကို သုံးနှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သည့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၁၀သိန်းနှင့် နွေစပါးဧက နှစ်သိန်း၊ စုစုပေါင်းဧက ၁၂ သိန်းစိုက်ပျိုးပြီး စပါးတင်း သိန်းပေါင်း ၉၇၇သိန်း ထွက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ရာနှုန်းပြည့်စပါး ဖူလုံရန် ရည်မှန်း ဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်း၏ မိုးစပါးစိုက်ပျိုးမှုမှာ ၂၀၀၀ပြည့်နှစ်တွင် ၆၁၂၂၅၃ဧကသာ စိုက်ပျိုးနိုင်ခဲ့ရာမှ မိုးစပါးဧက ၁၀သိန်း စိုက်ပျိုးရေး စီမံကိန်းစတင်သည့် ပထမနှစ်ဖြစ်သည့် ၂၀၀၄ခုနှစ်တွင် ၆၈၁၄၇၈ ဧက၊ ဒုတိယနှစ်ဖြစ်သည့် ၂၀၀၅ခုနှစ်တွင် ၈၄၁၂၂၅ ဧကနှင့် တတိယနှစ် ဖြစ်သည့် ၂၀၀၆ ခုနှစ်တွင် ၁၀၀၂၁၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၆ခုနှစ် မိုးစပါးထွန်တုံး ပိတ်ချိန်တွင် မန္တလေးတိုင်း၏ မိုးစပါး စိုက်ဧကသည် ရည်မှန်းချက်ဧက ၁၀သိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုး ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ဂုဏ်ယူအားရကျေနပ်ပါကြောင်း၊ ယနေ့ လက်တွေ့ ဆောင်ရွက်နေသည့် စပါးသီးနှံစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာရပ်များကို မိမိဒေသအသီးသီးရှိ တောင်သူ အချင်းချင်း ပညာဖလှယ် ဆောင်ရွက်သွားကြရန်နှင့် လက်တွေ့ ဆောင်ရွက်ရာတွင် မိမိတို့မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် အဆင့်ဆင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မိုးစပါးဧက ၁၀သိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့သလို နွေစပါး ဧကနှစ်သိန်းကိုလည်း ပြည့်ပြည့်ဝဝ စိုက်ပျိုးနိုင်အောင် ယခုကတည်းက ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မန္တလေးတိုင်း၏ ဒေသဝမ်းစာဖူလုံမှု ရာနှုန်းပြည့်မီအောင် ရည်မှန်းထားရှိ လုပ်ကိုင်ခြင်းသည် ဒေသတွင်းရှိ တောင်သူများ၏အကျိုးစီးပွားတိုးတက်အောင် ကူညီပံ့ပိုး ဆောင်ရွက်ပေးသည်ဖြစ်သည့်အတွက် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့်အမျိုးသားတာဝန်ကို ကျေပွန်အောင်ကြိုးစား ဆောင်ရွက်သွားရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်သာဓမ္မသီရိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် အောက်တိုဘာ ၈

ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက် ရတနာသီရိပန်းခြံတွင် ကိုယ့်အား ကိုယ်ကိုး ဓမ္မသီရိစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၇၅၈နေ ဒေါ်ခင်သန်းရီအား ရည်စူး၍ အစ်ကို ဦးမျိုးဆွေနှင့် ညီမ ဒေါ်သိန်းကြည် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းအတွင်း လူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က–ပ)

9-10 (07) 1 10/9/06, 12:53 AM

မြန်မာ့အစားအစာများ ကမ္ဘာ့ဈေးကွက် ထိုးဖောက်ဝင်ရောက်ရေး ဆောင်ရွက် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရေး ကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၈

မြန်မာ့ရိုးရာအစားအစာများကို စားသုံးသူများက နှစ်ခြိုက်စွာစားသုံးပြီး နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ပထမအကြိမ် မြန်မာ့ရိုးရာအစားအစာ ခင်းကျင်းပြသပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြားပြီး အစားအစာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် မြန်မာ့ရိုးရာအစားအစာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အထောက်အကူပြု

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာအစားအစာ ခင်းကျင်းပြသပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့ရိုးရာအစားအစာကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးအတွက် မြှင့်တင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို အခြား နိုင်ငံတကာအစားအစာများနည်းတူ ကမ္ဘာ့အစားအစာဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်မှုတစ်ရပ်အဖြစ် ဖော်ထုတ်ပြီး မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့ရိုးရာအစားအစာများ ချက်ပြုတ်မှုနည်းစနစ်အတတ်ပညာများကို ဖော်ထုတ်ပြီး ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အနာဂတ်တွင် မြန်မာ့အစားအစာများကို မူလအရသာမပျက်ကျန်းမာရေးနှင့်ညီညွတ်သည့် ကမ္ဘာ့အဆင့်မီ အစားအစာများအဖြစ် ဖော်ထုတ်ပြီး အစားအစာထုတ်လုပ်သူများ၏ စီးပွားရေးကို အထောက်အကူပြုစေရန်တို့ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာနှင့် ရိုးရာယဉ်ကျေးမှုကို အခြေခံသော ခရီးသွားလုပ်ငန်းကို အစပျိုးပြီး အခြားကြွယ်ဝသည့် ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို ဖော်ထုတ်ကာ ထင်ရှားကျော်ကြားသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာရေး ဦးတည်အကောင်အထည်ဖော်လျက်ရှိကြောင်း။

မြန်မာလူမျိုးများ နိစ္စဓူဝ ချက်ပြုတ်စားသုံးနေကြသည့် ရိုးရာအစားအစာများသည်လည်း အခြားနိုင်ငံများ၏ အစားအစာများနှင့် မတူဘဲ တစ်မူထူးခြားကာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့အရသာတွေနှင့် ယနေ့အထိ ရပ်တည်လျက်ရှိကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရိုးရာအစားအစာ ချက်ပြုတ်နည်းစနစ်များနှင့် ထူးခြားသည့် အာနိသင် အနံ့အရသာများကို ကမ္ဘာလှည့်ခရီးသည်များ သိရှိစွဲမက်စွာ စားသုံးလာကြခြင်းဖြင့် မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိမြင်ပြီး မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ မြန်မာ့ရိုးရာအစားအစာ ခင်းကျင်းပြသပွဲများကို မြန်မာနိုင်ငံ၏ ထင်ရှားသည့် ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ ပုဂံ၊ အင်းလေးစသည့်ဒေသများနှင့် နေပြည်တော်၌ပါ စီစဉ်ခင်းကျင်းပြသနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၏ သဘောသဘာဝ၊ အာဟာရရှိစွာ စီစဉ်ပြင်ဆင်ချက်ပြုတ်နည်းနိဿယများနှင့် မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ တည်ခင်းဧည့်ခံသောအလေ့အထများကိုပါမကျန် အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲများတွင်ထည့်သွင်းပြသခြင်း၊ ``VCD,DVD, CD Rom များ ရိုက်ကူးမြှင့်တင်ခြင်းတို့ကိုပါ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ပြပွဲတွင် ပါဝင်ချက်ပြုတ်ခင်းကျင်းပြသသော ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဂုဏ်ပြုငွေချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ချက်ပြုတ် ခင်းကျင်းပြသထားသော မြန်မာ့ရိုးရာအစားအစာများအား ကြည့်ရှုသုံးသပ်၍ အကြံပြုပေးမည့် အဖွဲ့ကို ဂုဏ်ပြုဆုငွေ ချီးမြှင့်သည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ပထမအကြိမ် မြန်မာ့ရိုးရာ အစားအစာခင်းကျင်းပြသပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အစားအစာများ ခင်းကျင်းပြသထားမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ပါဝင်ပြသ

မြန်မာ့ရိုးရာအစားအစာ ခင်းကျင်းပြသပွဲသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များဖြစ်သည့် Micasa Hotel, Hotel Niko Royal Lake, Traders Hotel, Dusit Inya Lake Hotel, Sedona(Yangon)Hotel, Park Royal Hotel, Kandawgyi Palace Hotel, Strand Hotel, Savoy Hotel, Seasons of Yangon Hotel နှင့် ပြည်တွင်းမှ ဟိုတယ်နှင့် စားသောက်ဆိုင်များဖြစ်သည့် လေဆိပ်စားသောက်ဆိုင်၊ ယုဇနဂါးဒင်းဟိုတယ်၊ Green Elephant Restaurant, Monsoon Restaurant, တော်ဝင်သဇင် စားသောက်ဆိုင်၊ Feel Restaurant၊ နေဖြူ ဒေါ်စောရီ၊ Sandy Cuisine Restaurant, Padonmar Restaurant, Roof Top Restaurant တို့ ပါဝင်ပြသကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အောင်တော်မူလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ မောင်ဝေဖြိုးစံတင် (၂၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် လမ်းမတော်မြို့နယ် အမှတ် ၄၂ (ပထမထပ်) ဝါးတန်းလမ်း ဦးမျိုးသန့်နေအိမ်၌ လှူဒါန်းသည့် အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင် ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)၏ ရှေ့မှောက်၌ အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

အောင်ဆန်း တပ်ဦးကျောင်းဆရာတော် သာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာန နာယက ပြည်တွင်း ပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် ကပ္ပိယ ဦးစိုးအောင်နှင့်အတူ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကွင်းမြို့တွင် ဇူလိုင် ၇ ရက်မှ ၁၁ ရက်အထိ၊ ကုလသမဂ္ဂဌာနချုပ်တွင် ဇူလိုင် ၁၄ ရက်၊ အောဘီဘီအေအသင်း ဘရုတ်ကလင်းမြို့တွင် ၁၅ ရက်မှ ၂၃ ရက်အထိ၊ နယူးယောက်မြို့ ကုလသမဂ္ဂ မြန်မာသံရုံးတွင် ဩဂုတ် ၂ ရက်၊ ကယ်လီဖိုးနီးယားပြည်နယ် ရေးဗားဆိုက်မြို့တွင် ၁၀ ရက်မှ ၂၀ ရက်အထိ၊ ဖရက်စနိုမြို့တွင် ၂၀ ရက်မှ ၂၃ ရက်အထိ၊ လော့စ်အိန်ဂျလိစ်မြို့တွင် ၂၄ ရက်မှ ၃၀ ရက်အထိ၊ ကုလသမဂ္ဂဌာနချုပ် ဗုဒ္ဓပူဇော်ပွဲတွင် စက်တင်ဘာ ၈ ရက်၊ အိုဟိုင်းယိုးမြို့တွင် ၉ ရက်မှ ၁၁ ရက်အထိ၊ နယူးဂျာစီမြို့တွင် ၁၄ ရက်မှ ၁၇ ရက်အထိ၊ ချီကာဂိုမြို့တွင် ၂၂ ရက်မှ ၂၅ ရက်အထိ၊ ရော့အဝေးမြို့တွင် ၂၇ ရက်မှ ၃၀ ရက်အထိ၊ နယူးယောက် ကွင်းမြို့ P.S. 150 စာသင်ကျောင်းတွင် ၃၀ ရက်များ၌ မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသတော်မူပြီးနောက် အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူကြောင်း သိရသည်။ **(က-ပ)**

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၆ ခုနှစ် အောက်တိုဘာ ၈ ရက် မြန်မာစံတော်ချိန် နံနက် ၃ နာရီ ၄၄ မိနစ် ၃၂ စက္ကန့်အချိန် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၄၆၀ ခန့် ကွာဝေးသော နေရာ မြန်မာနိုင်ငံပြင်ပကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း ကမာရွတ်မြို့နယ်၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက်က ကျင်းပရာ ဒုတိယတန်းတွင် ဆုရရှိသော မောင်စံလင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ဇေယျမင်္ဂလာ သာသနာ့ဗိမာန်၌ ကျင်းပသည်။ အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုရဲမှူး ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အဘိုးအဘွား ၂၈ ဦးအား အလှူငွေနှင့် ဝတ္ထုပစ္စည်းများ လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စက်တင်ဘာ ၂၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗိုလ်မင်းရောင်လမ်း အမှတ် ၄၃/၃၂၈ နေ ဦးစန်း-ဒေါ်အေးသန်း၊ သမီး မသူဇာစန်းနှင့် မမြသန္တာစန်း၊ သား မောင်မျိုးမင်းစန်းတို့က မိခင် ဒေါ်အေးသန်း မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်နှင့်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ကန့်ဘလူမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် အောက်တိုဘာ ၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ ကန့်ဘလူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၀၆ မီလီမီတာ (၈ ဒသမ ၁၁ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော ၁၅ နှစ်အတွင်း အောက်တိုဘာလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၇၂ မီလီမီတာ (၂ ဒသမ ၈၃ လက်မ) ဖြစ်ပြီး ၁၉၉၄ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ တံတားအမှတ်(၁/၁၉၉) ဆွာချောင်းတံတားပြုပြင်ခြင်းလုပ်ငန်းအတွက် တံတားခေတ္တပိတ်ထားမည်

နေပြည်တော် အောက်တိုဘာ ၈

ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၁၉၈/၂ နှင့် ၁၉၈/၃ အကြားရှိ တံတားအမှတ် ၁/၁၉၉ ဆွာချောင်းတံတားကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်သဖြင့် **အောက်တိုဘာ ၉ ရက် (တနင်္လာနေ့) နံနက် ၁ နာရီမှ ၉ နာရီအထိ၊ အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီမှ ၆ နာရီအထိ၊ အောက်တိုဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီမှ ၆ နာရီအထိ** တံတားကို ခေတ္တပိတ်ထားမည်ဖြစ်သည်။

တံတား ပြင်ဆင်ဆောင်ရွက်နေစဉ်ကာလအတွင်း ဖြတ်သန်းခွင့်ပြုမည့်အချိန်များမှာ အောက်တိုဘာ ၉ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီအထိလည်းကောင်း၊ အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့)နံနက် ၆ နာရီမှ အောက်တိုဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁ နာရီအထိလည်းကောင်း ကားငယ်များနှင့် ကုန်တင်ကား တန် ၄၀ အထိ ၁၀ ဘီးကားများသာ ဖြတ်သန်းခွင့်ပြုမည် ဖြစ်သည်။

အောက်တိုဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီမှစတင်၍ ကားငယ်နှင့် ကုန်တင်ကားများ ပုံမှန်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကြေညာထားသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေသည် ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နေ့ကလေးထိန်းကျောင်းသို့ သွားရောက်ကြည့်ရှု၍ ရင်သွေးငယ်လေးများအား မုန့်နှင့်ကစားစရာများ ဝေငှပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များနှင့် သားဖွားဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရေဆိပ်မှတစ်ဆင့် စက်လှေများဖြင့် ခရမ်းချောင်းမကြီးတစ်လျှောက်ချောင်း တစ်ဖက်တစ်ချက်၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ပိန်းကန်စံပြကျေးရွာ ပါရမီစာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၏ဇနီးသည် ပိန်းကန်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်များအား မုန့်နှင့်ကစားစရာများပေးအပ်ပြီး ရင်သွေးငယ်များအား အာဟာရ တိုက်ကျွေးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပိန်းကန်စံပြကျေးရွာ၏ တယ်လီဖုန်းအိတ်ချိန်းရုံးကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တိုင်းမှူးသည် ပိန်းကန်စံပြကျေးရွာရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်နှင့် ပိန်းကန်စံပြကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စံပြကျေးရွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက စံပြကျေးရွာဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပိန်းကန် စံပြကျေးရွာ၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန် အသင်းဝင်အဆိုပြုလွှာများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံပြီး အသင်းဝင်ဝတ်စုံများနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ပြန်လည်ထောက်ပံ့ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် ပိန်းကန်ကျောင်းတိုက်၌ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အမျိုးသမီးငယ်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စကားဝိုင်းဖွဲ့ ဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာအနီးရှိ တောင်သူ ဦးတင်ဆန်း၏ လယ်မြေ၌ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ကြီးကြပ်မှုဖြင့် တိုင်းအတွင်း ရင့်မှည့်နေသော လယ်မြေများ၌ စပါး လေလွင့် ဆုံးရှုံးမှုမရှိစေရေးအတွက် **"ချက်ချင်း ရိတ်သိမ်း၊ ချက်ချင်းခြွေလှေ့၊ ချက်ချင်း အခြောက်ခံ၊ ချက်ချင်းသိမ်းစနစ်"** ဖြင့် စပါးရိတ်သိမ်းနေမှု၊ ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှု၊ စပါးခွံသုံးစပါးအခြောက်ခံစက်နှင့် နေရောင်ခြည်သုံးအခြောက်ခံစက်တို့ဖြင့် စပါးအခြောက်ခံနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက တောင်သူများ၏စပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် အမိုးအကာအောက်အမြန်ရောက်ရှိစေရေးအတွက် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စပါးရိတ်သိမ်းစက်များ၊ခြွေလှေ့စက်များ၊ အခြားလိုအပ်သည့် နည်းပညာနှင့်စက်ပစ္စည်းကိရိယာများကို ပံ့ပိုးပေးသွားမည်ဖြစ်ရာ တောင်သူများကလည်း မိမိလယ်မြေတစ်ကွက်ချင်းအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားပြီး ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများက အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားသိလိုရာများကိုလည်းကောင်း မေးမြန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် သတင်းစာဆရာကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၈

မိတ္ထီလာမြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်၆၀ကျော် ဆရာကြီး ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။ အာစရိယပူဇော်ကန်တော့ပွဲကျင်းပရန်နှင့် နှစ်စဉ်နှစ်တိုင်း ပူဇော်ကန်တော့ပွဲ ကျင်းပသွားနိုင်ရေးအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး အထက(၁) မိတ္ထီလာ ဖုန်း-၀၆၄-၂၃၀၁၉၊ဒေါ်စုစုလွင် ဖုန်း-၀၆၄-၂၁၆၆၂၊ ဦးစံလင်း ၀၆၄-၂၃၁၈၄၊ ဦးခင်ထွန်း ၀၆၄-၂၁၁၃၀၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉၈၀-၂၀၀၅၁၊ ၀၁-၃၈၄၄၂၀ နှင့် ဦးငွေမောင်း ဖုန်း-၀၁-၅၄၅၁၂၆(ရုံး) နှင့် ၀၁-၅၁၈၀၀၉(အိမ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၈

မန္တလေးတိုင်း တောင်သာမြို့ အမှတ်(၅) ရပ်ကွက် ဘူတာလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ခွဲ(၂၃၅)၏ ကမ္ဘာအေး ဓမ္မဗိမာန်တော်ကြီးတွင် အောက်တိုဘာ ၁၄ရက်မှ ၂၀ရက်အထိ မိုးကုတ်ဝိပဿနာ (၁၇)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲနှင့် စုပေါင်း ကထိန် သင်္ကန်းကပ်လှူပွဲ ကျင်းပမည် ဖြစ်သည်။ တရားစခန်းပွဲတွင် စဉ့်ကိုင်မြို့ ရွှေကာကျောင်း ဆရာတော် သာသနာပြု နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဒေးယျဓမ္မ သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ အထက်တန်းရှေ့နေ၊ B.A စိတ်ပညာ အရှင်သူမြတ်နှင့် ဘဒ္ဒန္တဝိသုဒ္ဓ သာသနာပြု နယ်လှည့် ဓမ္မကထိက ချုံကြီးရွာ အနောက်ကျောင်း ဆရာတော် အရှင်သူမြတ်တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာတရားတော်မြတ်တို့အား ဟောကြား ချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)



ရန်ကုန်တိုင်း (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်ရေး အောင်လံ အပ်နှင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်း အနားကို အောက်တိုဘာ ၇ရက်က ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပရာ အသက်(၁၀-၁၅) နှစ် အကပြိုင်ပွဲမှ မအေးချမ်းမြေ့ ကပြဖျော်ဖြေစဉ်။ (၄၀၀)

လှိုင်သာယာဆရာတော်၏ တရားပွဲများ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တတေဇဝန္တ (ဂန္ထဝါစကပဏ္ဍိတ) ဆရာတော်သည် အောက်တိုဘာ၁၅ရက်တွင် နတ်မောက်မြို့နယ် ကန်သာကျေးရွာ ကထိန်အကြိုညတရားပွဲ၊ ၁၆ ရက်၌ နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာ ကထိန်အကြိုညတရားပွဲ၊ ၁၇ရက်တွင် နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာ အောင်မင်္ဂလာကျောင်း ရဟန်းခံရှင်ပြု ကထိန်အကြိုည တရားပွဲ၊ ၁၉ ရက်တွင် နတ်မောက်မြို့နယ် သပွတ်ပင် ကျေးရွာ နှမ်းဆီအလှူပွဲ ဓမ္မသဘင်၊ ၂၀ ရက်တွင် နတ်မောက်မြို့နယ် လဲဘူးကြီးကျေးရွာ ရဟန်းခံရှင်ပြု၊ သက်ကြီးပူဇော်ပွဲ ဓမ္မသဘင်၊၂၁ရက်တွင် နတ်မောက်မြို့နယ် ထန်းပင်မျှောင်ကျေးရွာ ရဟန်းခံရှင်ပြု အလှူဓမ္မသဘင်၊၂၂ရက်တွင်နတ်မောက်မြို့နယ် မြင်းတဲကြီးကျေးရွာနှမ်းဆီအလှူ ဓမ္မသဘင်၊ ၂၃ ရက်တွင် နတ်မောက်မြို့နယ် ကျောက်တန်းကျေးရွာ ရဟန်းခံရှင်ပြု သိက္ခာထပ်ဓမ္မသဘင်၊ ၂၄ ရက်တွင် နတ်မောက်မြို့နယ် ရွာတော်ကျေးရွာ နှမ်းဆီအလှူ ဓမ္မသဘင်၊ ၃၀ရက်တွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဦးရွှေမန်းဈေးကထိန် ဓမ္မသဘင်၊ နိုဝင်ဘာ ၁ ရက်၊ ၃ရက်နှင့် ၅ ရက်တို့တွင် လှိုင်သာယာမြို့နယ် နတ်မောက်လမ်း မိသားစု၏ ကထိန်အောင်ပွဲ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။

(က-ပ)

အမှတ် ၈၆ နှင်းဆီနီလမ်း အကွက် ၃၀ သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ်နေ ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်က မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ထာဝရဆွမ်းပဒေသာပင်နှင့် မျက်စိကု လေဆာစက်အတွက် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ်ဦးဝင်းထိန် လက်ခံယူစဉ်။

(က-ပ)

၂၀၀၅-၂၀၀၆ပညာသင်နှစ် အင်းစိန်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘက်စုံထူးချွန် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၈ ရက်က အင်းစိန် အထက(၁)ရွာခန်းမ၌ကျင်းပရာ ခရိုင်ပညာရေးမှူးဦးရန်နောင်က အမက(၁)[ဗဟို] စတုတ္ထတန်းမှ မဝင့်ရတနာတင့်အား ဘာသာစုံထူးချွန်ဆု အပါဝင် ဆုခုနစ်ဆုကို ချီးမြှင့်စဉ်။ (၀၄၆)

● ကျောဖုံးမှ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသလုံခြုံရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများအား လက်တွေ့ကျကျ ခံစားနေရပြီဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ တည်ငြိမ်အေးချမ်းမှုရှိနေသဖြင့် ပတ်ဝန်းကျင်ဒေသတွင်း၌ ထိခိုက်လာနိုင်စရာအကြောင်း လုံးဝရှိမည်မဟုတ်ဟု ယုံကြည်ပါသည်။

၄။ သို့ဖြစ်၍ အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်လိုသော အကြံဖြင့် ကုလသမဂ္ဂသို့ တင်ပြခဲ့သည့် မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးမှု အစီအစဉ်အား လုံး၀(လုံး၀) ကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

ဦးကိုကြီး	**ဦးစောလားဘွယ်**
ဥက္ကဋ္ဌ	**ဒု-ဥက္ကဋ္ဌ**
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့	**လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့**
သံတောင်မြောက်ပိုင်းအထူးဒေသ	**သံတောင်မြောက်ပိုင်းအထူးဒေသ**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဂုဏ်ပြုဆောင်းပါး

ဝေဿန္တရာဇာတ်တော်ကြီး

ဒေါက်တာခင်မောင်ညွန့်

ဝေဿန္တရာဇာတ်တော်ကြီးကား ဂေါတမမြတ်စွာဘုရား၏ နောက်ဆုံးဘဝ ဆယ်ဘဝလွန် ဆယ်ခုမြောက် ဇာတ်တော်ဖြစ်ပြီး ဒါနပါရမီ ဖြည့်ဆည်းမှု အကြောင်းဖြစ်သည်။ ၂၀၀၆ခုနှစ် **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများ**ကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဇာတ်သဘင်ပြိုင်ပွဲတွင် ဝေဿန္တရာ ဇာတ်တော်ကြီးကို တင်ဆက်ပြိုင်ဆိုင်ကြမည်။ ဤဇာတ်တော်ကြီးကား မင်းဘူးဆရာတော် ဦးဩဘာသ၏ မြန်မာစကားပြေဖြင့် ပြုစုထားသော ဝတ္ထု၊ ဦးပုညပြုစုထားသော ပြဇာတ်တို့ကြောင့် မြန်မာစာဖတ်ပရိသတ်တို့ အသိများ၊ အကျော်ကြားဆုံး ဇာတ်တော်ကြီး ဖြစ်ပါသည်။

မဟာသက္ကရာဇ်၁၀၄ခု ကဆုန်လပြည့်ကျော်၁ရက် အင်္ဂါနေ့ညချမ်းအခါ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သုဒ္ဓေါဒနမင်းကြီးအမှူးပြုသော ပရိသတ်အား ဂေါတမဗုဒ္ဓမြတ်စွာဘုရားက ဂါထာတစ်ထောင်ဖြင့် ဟောကြားတော်မူပါသည်။

ဇာတ်တော်အကျဉ်းချုပ်မှာ-

စေတုတ္တရာပြည် ဘုရင်သိဥ္စည်းနှင့် မိဖုရားဖုသတီဒေဝီတို့မှ သားတော်ဝေဿန္တရာကို ဖွားမြင်သည်။ ဆင်ဖြူတော်ပစ္စယသည် ထိုအချိန်တွင် ပေါ်ထွန်းလာသည်။ ဝေဿန္တရာမင်းသားသည် ဒါနပါရမီဖြည့်သူဖြစ်သောကြောင့် ထာဝရလှူဒါန်းစွန့်ကြဲ၍သာ နေသည်။ ၁၆ နှစ်သား အရွယ်တွင် မဒ္ဒရာဇ်မင်းသမီးတော် မဒ္ဒီနှင့်ထိမ်းမြားပြီး ထီးနန်းဆက်ခံရသည်။ သားတော်ဇာလီနှင့် သမီးတော်ကဏှာတို့ ထွန်းကားသည်။

ကလိင်္ဂရာဇ်ပြည်တွင် မိုးခေါင်၍ ငတ်မွတ်ဘေးနှင့်ကြုံလာသောအခါ ဆင်ဖြူတော်ပင့်ရန် ဝေဿန္တရာမင်းထံ သံစေလိုက်သည်။ ဒါနပါရမီဖြည့်နေသော ဝေဿန္တရာမင်းက ပစ္စယဆင်ဖြူတော်ကို ကြည်ဖြူစွာ ပေးလှူလိုက်ရာ မင်းကြီး၏ဒါနအားလုံးကို ကြည်ဖြူသော်လည်း မိုးကောင်းစေသော ဆင်ဖြူတော်လှူခြင်းကို မကျေနပ်ကြသော ပြည်သူတို့က ဝေဿန္တရာမင်းအား ဟိမဝန္တာသို့နယ်နှင်ရန် သူ့ခမည်းတော်အား သံတော်ဦးတင်ကြသည်။ ဤတွင် ဝေဿန္တရာမင်းကြီး၊ မဒ္ဒီဒေဝီ၊ ဇာလီနှင့် ကဏှာတို့သည် ဟိမဝန္တာရှိ ဝင်္ကဘာတောင်သို့ ရောက်ကြသည်။ သိကြားမင်း ဖန်ဆင်းထားသော ကျောင်းသခ်မ်းတွင် ရသေ့ဝတ်ကာ သီလဆောက်တည်နေကြသည်။

ဒုန္နိဝိဋ္ဌအမည်ရှိသော ပုဏ္ဏားရွာတွင် အလွန်စေးနှဲပြီး အစားကြီးသော ဇူဇကာအမည်ရှိ ပုဏ္ဏားအိုကြီး ရှိသည်။ သူ၏ဇနီး ငယ်ရွယ်သူ အမိတ္တာပုံက ဝေဿန္တရာမင်းကြီးထံမှ သားတော်၊ သမီးတော်များကို အလှူခံပြီး အိမ်တွင်ကျွန်အဖြစ်စေခိုင်းရန် သူ့လင်အား စေလွှတ်လိုက်သည်။ သိဥ္စည်းမင်းကြီးက ဝေဿန္တရာတို့ မိသားစုလုံခြုံရေးအတွက် စောင့်ရှောက်ရန် တောအဝ၌ ကင်းစောင့်ချထားသော စေတမုဆိုးအား ဇူဇကာပုဏ္ဏားက သိဥ္စည်းမင်းကြီးမှ ဝေဿန္တရာထံစေလိုက်သော စေတမန်ဟု လိမ်ညာပြောကာ ဝေဿန္တရာထံ အရောက် သွားခဲ့သည်။ မဒ္ဒီဒေဝီ သစ်သီးရှာဖွေရန် တောထဲသို့ထွက်ခွာစဉ် ဇာလီနှင့်ကဏှာတို့အား ဝေဿန္တရာထံမှ အလှူခံသည်။ မဒ္ဒီဒေဝီ တောမှပြန်အရောက် အကြောင်းစုံသိရသောအခါ မူးမေ့သွားရာ ဝေဿန္တရာနှင့် အတူ ပူဆွေးကြသည်။

ဇူဇကာပုဏ္ဏားသည် လမ်းမှားပြီး သူ့မယားထံမရောက်ဘဲ စေတုတ္တရာပြည်သို့ ရောက်သွားသည်။ သိဥ္စည်းမင်းကြီးက မြေးတော်နှစ်ပါးအား ဇူဇကာထံမှ မင်းစည်းစိမ်နှင့်လဲလှယ်၍ ရွေးယူသည်။ ဇူဇကာပုဏ္ဏားသည် မကြုံစဖူးသောမင်းပွဲတော်ကို အလွန်အကြူးစားသုံးမိ၍ စားပိုးနင့်ကာ သေဆုံးလေသည်။ မြေးတော်နှစ်ပါး ပြန်ရောက်လာသောသတင်းကို ကြားရသော တိုင်းသူပြည်သားတို့သည် ဝေဿန္တရာနှင့် မဒ္ဒီတို့အား များစွာလွမ်းဆွတ် ခွင့်လွှတ်ကြပြီး ထီးနန်းပြန်စိုးစံရန် တောင်းဆိုကြသည်။ ဤတွင် ဝေဿန္တရာနှင့် မဒ္ဒီဒေဝီတို့အား စေတုတ္တရာပြည်သို့ မင်းခမ်းမင်းနားဖြင့် ပင့်ဆောင်ကြလေသည်။ ထူးခြားသော ပေါက္ခရဝဿမိုးရွာပြီး မြေလျှင်လှုပ်ခါ ကြိုဆိုသည်။ ဇာတ်ပေါင်းရာတွင် ဝေဿန္တရာမင်းကား ဂေါတမမြတ်စွာဘုရား၊ မဒ္ဒီဒေဝီကား ယသောရော်၊ ဇူဇကာပုဏ္ဏားကား ဒေဝဒတ်၊ အမိတ္တာပုံကား စိဥ္စမာဏ၊ အစ္စုတရသေ့ကား သျှင်သာရိပုတ္တရာ၊ သိကြားမင်းကား သျှင်အနုရုဒ္ဓါ၊ သိဥ္စည်းမင်းကား သုဒ္ဓေါဒနမင်း၊ ဖုသတီဒေဝီကား မဟာမာယာ၊ ဇာလီကား ရာဟုလာ၊ ကဏှာကား ဥပ္ပလဝဏ်၊ စေတမုဆိုးကား ဆန္နအမတ်ဖြစ်လာကြကြောင်း မြတ်စွာဘုရားက ရှင်းလင်းဟောကြားခဲ့သည်။

မြန်မာ့ပန်းဆယ်မျိုး၊ စာပေနှင့် ဆို၊ က၊ ရေး၊တီး သဘင်အားလုံးတွင် ဝေဿန္တရာဇာတ်တော်ကြီးကို သရုပ်ဖော်ပူဇော်ခဲ့ကြပါသည်။ ဆရာတော် ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်ကြီးမှာ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြဋ္ဌာန်းစာအုပ်အဖြစ် နှစ်ပေါင်းများစွာကြာ တည်ရှိပြီး၊ အင်္ဂလိပ်ကျောင်းအုပ်ဆရာကြီးနှစ်ဦးက အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ဖူးသည်။ ဦးပုည၏ ဝေဿန္တရာပြဇာတ်မှာမူ ဖတ်ရှုရန်နှင့်ကပြရန်အတွက် အလွန်ပြောင်မြောက်လှသည်။ ဝေဿန္တရာ၊ မဒ္ဒီနှင့် ဇူဇကာပုဏ္ဏားဟူသော အဓိကဇာတ်ဆောင် သုံးဦးတို့၏ စရိုက်ဖော်ရာတွင် အလွန်ထက်မြက်ပါသည်။ အထူးသဖြင့် လူကြမ်း၊ လူဆိုးဖြစ်သော ဇူဇကာ၏စရိုက်ကို ဖော်ဆောင်ရာ၌ ပြဇာတ်ဆရာကြီး ဦးပုညက ဇူဇကာအား ပွဲကြည့်ပရိသတ် အမုန်းပွားစေရန် ဇာတ်နာနာ ဖော်ဆောင်ရုံသာမက၊ ဟာသမြောက်စေရန် "လူပြက်" အသွင်ကိုလည်း ဖန်ဆင်းပေးထားပေသည်။ ။

ဝေဿန္တရာဇာတ်တော်ကြီးကား ဂေါတမမြတ်စွာဘုရား၏ နောက်ဆုံးဘဝ ဆယ်ဘဝလွန် ဆယ်ခုမြောက် ဇာတ်တော်ဖြစ်ပြီး ဒါနပါရမီ ဖြည့်ဆည်းမှုအကြောင်းဖြစ်။ မဟာသက္ကရာဇ် ၁၀၄ ခု ကဆုန်လပြည့်ကျော်၁ရက် အင်္ဂါနေ့ညချမ်းအခါ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သုဒ္ဓေါဒနမင်းကြီးအမှူးပြုသော ပရိသတ်အား ဂေါတမဗုဒ္ဓမြတ်စွာဘုရားက ဂါထာတစ်ထောင်ဖြင့် ဟောကြား။

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

ပညာရေးအကောင်အထည်ဖော်မှု အညွှန်းကိန်းများ အားနည်းချက်ပြုပြင် မိမိတက္ကသိုလ်တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦးလိုက်ပါလျက် အောက်တိုဘာ ၁ရက် နံနက်၉နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိပြီး မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ဆရာဆရာမများအားတွေ့ဆုံရာ သက်ဆိုင်ရာပါမောက္ခချုပ်များက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ပညာရေး အကောင်အထည်ဖော်မှု အညွှန်းကိန်းများကို ဖော်ပြရာတွင် အရည်အသွေးပိုင်း ဆိုင်ရာဆန်းစစ်မှု၊ အသွင်သဏ္ဌာန်ပိုင်းဆိုင်ရာ ဆန်းစစ်မှုဟူ၍ နှစ်ပိုင်း ပါဝင်လျက်ရှိကြောင်း၊ မိမိကျောင်းအတွက် မိမိကိုယ်တိုင် ဆန်းစစ်နိုင်ကြောင်း၊ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းခြင်းဖြင့် ပညာရေးလုပ်ငန်း အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဆရာဆရာမများ အရည်အသွေး မြင့်မားရေးနှင့် စည်းမျဉ်း စည်းကမ်းများ လိုက်နာရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရေးတို့ကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး ခင်းကျင်းပြသထားသော ပါရဂူဘွဲ့ဆိုင်ရာ သုတေသနစာတမ်းအကျဉ်းချုပ် ပိုစတာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရတနာပုံတက္ကသိုလ်သို့ ရောက်ရှိပြီး ပင်မဆောင်ခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအားတွေ့ဆုံပြီး ပညာရေး အကောင်အထည်ဖော်မှု အညွှန်းကိန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးထံသို့ ပါရဂူဘွဲ့နှင့် မဟာတန်း e-book များကို ဒုတိယပါမောက္ခချုပ်က ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စွမ်းရည်စစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ရက် နံနက် ၁၀ နာရီခွဲတွင် စဉ့်ကိုင်မြို့နယ် ပင်းချားကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်မှုစွမ်းရည်ကိုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်တက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအားတွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ကျော်က တက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ ဆရာဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက ပညာရေး အကောင်အထည်ဖော်မှု အညွှန်းကိန်းများကဖော်ပြသော အားနည်းချက်များကိုပြုပြင်၍ မိမိတက္ကသိုလ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ် သီလင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊သာစည်မြို့နယ် ငသက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကိုစစ်ဆေးကာ ဝန်ကြီးက ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များနှင့် ခဲတံများပေးအပ်သည်။

ပညာကြိုးစားသင်ယူ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ အဆိုပါတက္ကသိုလ်၌ ဖွင့်လှစ်ပို့ချလျက်ရှိသော စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့(MBA) သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ သုတေသနစာတမ်းများ ပြုစုရေး၊ ပညာကြိုးစားသင်ယူရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ကွန်ကရစ်ပတ်လမ်းနှင့် ဂါလန် ၂၁၀၀ ဆံ့ ရေကန်ကြီးကို အလုံမြို့နယ် အမှတ် ၈(ဘီ)နေ ဦးသော်လွင်ဖြိုး-ဒေါ်မေဇင်မြင့်၊ သား-မောင်ကောင်းထက်သော် မိသားစုက ကျပ်၁၂၀၀၀၀၀ကို ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင် ဦးသောင်းမြင့်တို့ထံ အလှူငွေပေးအပ်စဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

ယူရိုခြေစစ်ပွဲ အင်္ဂလန်အသင်းသရေဖြင့်သာ ကျေနပ်ရ နာမည်ကြီးပြင်သစ် စကော့တလန်အသင်းကို ရှုံးနိမ့်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၈

ယူရို ၂၀၀၈ ခြေစစ်ပွဲဘောလုံး ပြိုင်ပွဲများကို အောက်တိုဘာ ၇ရက်ညပိုင်းက သက်ဆိုင်ရာနိုင်ငံကွင်းများ၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စတီဗင်ဂျရတ်(ဝဲ) **ပွဲစသည်နှင့် မက်ဆီဒိုးနီးယားဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

အုပ်စု(င)မှ အင်္ဂလန်အသင်းနှင့် မက်ဆီဒိုးနီးယားအသင်းတို့သည်အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။

အင်္ဂလန်အသင်းသည် အိမ်ကွင်းဖြစ်သော်လည်း ပထမပိုင်းတွင် မက်ဆီဒိုးနီးယားအသင်း၏ဖိကစားမှုကိုရင်ဆိုင်ခဲ့ရသည်။ ဒုတိယပိုင်းတွင်အင်္ဂလန်တို့ဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားသော်လည်းမက်ဆီဒိုးနီးယားနောက်ခံလူများ၏ အကွက်စေ့မှုနှင့် အင်္ဂလန်တိုက်စစ်မှူးများ၏ ဂိုးသွင်းခွင့် မပိုင်မှုများနှင့် ပေါင်းစပ်သွားသဖြင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းတွင် အင်္ဂလန် တိုက်စစ်မှူးများဖြစ်သည့် ရွန်နေ၊ ဒေါင်းဒင်း၊ ဂျရတ်နှင့်ပီတာခရောက်ချ်တို့ အကြိတ်အနယ်ကြိုးစားသော်လည်း အိမ်ကွင်းမျှော်လင့်ချက် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

အင်္ဂလန်အသင်းသည် ယင်းအုပ်စု(င)တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်ရရှိကာ အုပ်စုကို ဦးဆောင်နေဆဲဖြစ်သည်။

စကော့တလန်-ပြင်သစ်

အုပ်စု(ခ)တွင် စကော့တလန်အသင်းသည် နာမည်ကြီးပြင်သစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ စကော့တလန်အသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၇မိနစ်တွင် ကဲဒ်ဝဲလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဦးဆောင်နေ

စကော့တလန်အသင်းသည် ယင်းအုပ်စု(ခ)တွင် သုံးပွဲကစား သုံးပွဲနိုင်ပြီး အုပ်စုကို ဦးဆောင်နေသောအသင်းဖြစ်သည်။

ပြင်သစ်အသင်းသည် နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ပြီးနောက် ယခုပွဲတွင် ပထမဆုံးရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။အွန်နရီ၊ ဗီယာရာအစရှိသော ပြင်သစ်ကစားသမားများ အကြိတ်အနယ် ဂိုးပြန်သွင်းရန် ကြိုးစားသော်လည်း ခံစစ်အားကောင်းသည့် စကော့တလန် နောက်တန်းကို မထိုးဖောက်နိုင်ဘဲဖြစ်ခဲ့ရသည်။

ဝေလ-ဆလိုဗက်ကီးယား

အုပ်စု(ဃ)တွင် ဂျာမနီအသင်း ကဲ့သို့ ဆလိုဗက်ကီးယားနှင့် ချက်အသင်းတို့လည်း ဂိုးမိုးရွာနိုင်ခဲ့ကြသည်။

ပထမဆုံးအနိုင်ပွဲ

ဆလိုဗက်ကီးယား အသင်းသည် ဝေလအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့အတူ ချက်အသင်းသည် ဆန်မာရီနိုအသင်းကို ခုနစ်ဂိုး-ဂိုးမရှိသွင်းပြနိုင်ခဲ့သည်။ ယင်းအုပ်စုတွင် ဂျာမနီ၊ ဆလိုဗက်ကီးယားနှင့် ချက်အသင်းတို့သည် ထိပ်တန်းပြိုင်ဘက်များဖြစ်လာကြသည်။ လက်ရှိအနေအထားအရ ချက်အသင်းသည် သုံးပွဲဆက်တိုက် အနိုင်ရထားသည့် အုပ်စုဦးဆောင်အသင်းဖြစ်လာသည်။

ပေါ်တူဂီ-အဇာဘိုင်ဂျန်

အုပ်စု(က)မှ ပေါ်တူဂီအသင်းသည် အဇာဘိုင်ဂျန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပေါ်တူဂီအသင်းအတွက် အနိုင်ဂိုးများကို စီရိုနယ်ဒိုက နှစ်ဂိုးနှင့် ကာဗယ်ဟိုက တစ်ဂိုး သွင်းယူပေးခဲ့သည်။

ယှဉ်ပြိုင်

ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ခဲ့ရာတွင် ဝေလအသင်းကို ဘယ်လာမီ (ဝဲ) **ဤသို့ ဦးဆောင်ကစားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၈ အာဖရိကဖလားခြေစစ်ပွဲများ ယှဉ်ပြိုင် ကင်မရွန်းနှင့် မာလာဝီတို့ နိုင်ပွဲများရရှိ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကိတ်တောင်း အောက်တိုဘာ ၈

၂၀၀၈ အာဖရိကဖလား ဘောလုံးပြိုင်ပွဲခြေစစ်ပွဲအဖြစ် ကင်မရွန်းနှင့် အီကွေတိုရီရယ်ဂီနီရာ၊ မာလာဝီနှင့် ဇင်ဘာဘွေ၊ ဘော့ဆွာနာနှင့် အီဂျစ်တို့ အောက်တိုဘာ၇ရက်က ယှဉ်ပြိုင်ကစားကြရာကင်မရွန်းနှင့် မာလာဝီတို့အနိုင်ရပြီး ဘော့ဆွာဝါနာနှင့် အီဂျစ်တို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

ကင်မရွန်းတိုက်စစ်မှူး အီဒရီဆော၏ကစားဟန်။

ကင်မရွန်းနှင့်အီကွေတိုရီရယ်ဂီနီရာ

ကင်မရွန်းအသင်းသည် အီကွေတိုရီရယ်ဂီနီရာအသင်းကို တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အခွင့်အရေးများလည်း ရရှိခဲ့သည်။ ကင်မရွန်းအတွက် ဂိုးများကို တိုက်စစ်မှူး အီဒရီဆောက ၇၂မိနစ်အတွင်း နှစ်ဂိုးသွင်းယူပေးခဲ့သည်။ တတိယဂိုးကို အချီလီဝီဘိုက သွင်းယူပေးခဲ့သဖြင့် သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကင်မရွန်းအသင်း ယခုပွဲအနိုင် ရရှိသဖြင့် အုပ်စု(င)၌ နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ထိပ်ဆုံးနေရာတွင် ရှိနေသည်။

ဘော့ဆွာနာနှင့်အီဂျစ်

၂၀၀၈ အာဖရိကဖလားအုပ်စု (ခ)မှ အီဂျစ်တို့ ဘော့ဆွာနာကို အနိုင်မကစားနိုင်ခဲ့ချေ။ အီဂျစ်အသင်းသည် ခံစစ်ကို ဦးစားပေးကစားခဲ့သဖြင့် တော့တင်ဟမ်ဟော့စပါး တိုက်စစ်မှူးမီဒိုလည်း ဂိုးသွင်းခွင့် အခွင့်အရေးနည်းပါးခဲ့ရသည်။ ဒုတိယပိုင်းတွင် အီဂျစ်တို့ ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း ဘော့ဆွာနာ ဂိုးသမား ကာကွယ်ပေးနိုင်မှုကြောင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ အုပ်စု(ခ)တွင် အီဂျစ်တို့ ယခုပွဲသရေကျသဖြင့် နှစ်ပွဲကစား လေးမှတ်ရနေသည်။

မာလာဝီနှင့်ဇင်ဘာဘွေ

မာလာဝီတိုက်စစ်မှူး မို့စ်ချာဗျူလာ၏သွင်းဂိုးဖြင့် မာလာဝီတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဇင်ဘာဘွေတိုက်စစ်မှူးများ ချေပဂိုးသွင်းယူရေး အပြင်းအထန်ကြိုးစားသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့၍ တစ်ဂိုး-ဂိုးမရှိဖြင့် ဇင်ဘာဘွေတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ချစ်ကြည်ရေးခြေစမ်းပွဲ ဂျာမနီက ဂျော်ဂျီယာကိုနိုင် ဩစတြေးလျနှင့် ပါရာဂွေးတို့ တစ်ဂိုးစီသရေကျ

ဘာလင် အောက်တိုဘာ ၈

နိုင်ငံတကာ ချစ်ကြည်ရေး ဘောလုံးခြေစမ်းပွဲများကို အောက်တိုဘာ ၇ရက်က ကစားရာ ဂျာမနီက ဂျော်ဂျီယာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဩစတြေးလျနှင့် ပါရာဂွေးတို့ပွဲ၌ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။



ပါရာဂွေးမှ ဂျွန်အလိုစီ (အလယ်) **ဩစတြေးလျဘက်သို့ ထိုးဖောက် ကစားစဉ်။**

ဂျာမနီနှင့်ဂျော်ဂျီယာ

ဂျာမနီအသင်းတွင် တိုက်စစ်မှူးများအဖြစ် ပိုဒေါ်စကီးနှင့် ဟန်ကီတို့ကို သုံးထားပြီး ကွင်းလယ်တွင် ခုနစ်ယောက်အထိထားကာ ဂျော်ဂျီယာတိုက်စစ်ကို ဟန့်တားရင်းပွဲချိန်အတော် များ များထိုးဖောက်ကစားခဲ့မှုကြောင့် ပွဲချိန် ၂၄ မိနစ်တွင် ဂျာမနီ ကွင်းလယ် ကစားသမား ဘတ်စတိန်းက တစ်ဂိုး၊ ပွဲချိန် ၆၇ မိနစ်တွင် မိုက်ကယ်ဘောလက်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အောင်ပွဲခံ

အုပ်စု(က)မှ ပိုလန်အသင်းသည် ကာဇက်စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ အုပ်စုတွင်း ပထမဆုံး အနိုင်ပွဲကို စတင်နိုင်ခဲ့သည်။ ထို့အတူ အုပ်စု(ခ)မှ လစ်သူယေးနီးယားအသင်းသည် ဖာရိုကျွန်းစု အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့၍ ပထမဆုံး အနိုင်ပွဲအဖြစ် အောင်ပွဲခံခဲ့သည်။ **(အင်တာနက်)**

အထုတ်ခံရ

ဂျာမနီအသင်း တိုက်စစ်မှူး ပိုဒေါစကီး ပွဲချိန် ၄၈မိနစ်၌ အနီကတ်ပြ အထုတ်ခံရသလို ဂျော်ဂျီယာနောက်ခံလူ ကူရက်လည်း ၆၂မိနစ်၌ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

ဂိုးမသွင်းနိုင်

နှစ်သင်းစလုံး လျင်လျင်မြန်မြန်ကစားပြီးအပြန်အလှန် ထိုးဖောက် ကစားနိုင်ခဲ့မှုကြောင့် ပထမပိုင်း ပွဲချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ချေ။

တစ်ဂိုးစီသရေပွဲ

ဩစတြေးလျအတွက် အဖွင့်ဂိုးကို ပွဲချိန် ၈၇မိနစ်၌ တိုနီပိုပိုဗစ်က သွင်းယူပေးခဲ့သည်။ သို့သော်လည်း ပွဲချိန် မိနစ် ၉၀၌ ဩစတြေးလျ နောက်ခံလူ မိုက်ကယ်ဘီဂူချန်က ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ပါရာဂွေးတို့ လက်ဆောင် ချေပဂိုးရရှိခဲ့ခြင်းဖြစ်ပြီး တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ **(အင်တာနက်)**

ဂျာမနီမှ ဟန်ကီ(ဝဲ)ဂျော်ဂျီယာဘက်သို့ ထိုးဖောက်ကစားစဉ်။

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ပူဇနီယပွဲတော် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍– ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယ အကြိမ် ပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် တနင်္လာနေ့ (၉–၁၀–၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၀–၁၀–၂၀၀၆)	
တိပိဋက ပါဠိပါဝုဂ္ဂ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ–ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ (၁၁–၁၀–၂၀၀၆)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇန ဟိတရေ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (၁၂–၁၀–၂၀၀၆)	
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၃–၁၀–၂၀၀၆)	**ကျင်းပမည့်အချိန်** ညစဉ်(၇း၀၀)နာရီ
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့ (၁၄–၁၀–၂၀၀၆)	

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်မိဘများအား ရည်စူး၍ မိခင်ကြီး ဒေါ်သန်းသန်းကို အမှူးထားပြီး ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သပြေညိုလမ်း အမှတ်၆ ငါးလွှာနေ ဦးသန်းထွန်း–ဒေါ်သန်းသန်းရှင် သမီး မသင်းနန္ဒာထက်၊ မလင်းလက်ရွှေရည်၊ သားမောင်ဘုန်းမြင့်မော် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော် ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုနန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ဖခင်ကြီး (၁၉)နှစ်ပြည့်နှင့်မိခင်ကြီးဒေါ်ညွန့်ရီ (၂)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ကန်တော်ကလေး မင်္ဂလာတောင်ညွန့် မြို့နယ် ၉၃လမ်း အမှတ် ၁၂၉/ကနေ ကျန်ရစ်သူ သား သမီး မြေး မြစ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

ဝါကျွတ်ဓမ္မဒူတ ခရီးစဉ်

ရန်ကုန် အောက်တိုဘာ ၈

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတ တောရရိပ်သာ၏ နာယကဆရာတော်သည် အောက်တိုဘာ ၁၀ ရက်၌ လှည်းကူးမြို့နယ် အင်းတိုင် မနော်ဒွါရ စွန်းလွန်းတပ်ဦးကျောင်း ကလေးတရားသင်တန်း၊ ၁၂ရက်မှ ၁၆ရက်အထိ မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက် တရားစခန်းပွဲ၊ ၁၇ရက်၌ ပဲခူးမြို့ မက်သဒစ်လမ်း၊ ၂၁ရက်၌ သထုံမြို့ ကျိုက္ကော်သုခိတာရုံကျောင်း၊ ၂၃ရက်နှင့် ၂၄ရက်၌ ရေးမြို့နယ် ဇီးဖြူသောင်ရွာ၊ ၂၅ရက်နှင့် ၂၆ရက်၌ ရေးမြို့နယ် အစင်ရွာ၊ ၂၇ရက်၌ ရေးမြို့ တရားပွဲ၊ ၂၉ ရက်၌ ရေးမြို့ ဘူတာပိုင်း ဆွမ်းလောင်းအသင်း၊ ၃၀ ရက်၌ မြိုင်ကလေး ဘိလပ်မြေစက်ရုံတို့၌ တရားတော်များ ဟောကြားမည် ဖြစ်သည်။ **(က–ပ)**

ရှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ကုန်စိမ်းများ သတ်မှတ်နေရာ ရောင်းချစေလို

စာတည်းခင်ဗျား–

မရမ်းကုန်းမြို့နယ် မြိုင်ဟေဝန် အိမ်ရာ တိုက်အမှတ်(၁)ရှေ့တွင် နေ့စဉ် ညနေ ၃ နာရီခန့်မှစ၍ တရားမဝင်လမ်းဘေးဈေးသည်များသည် ကုန်စိမ်းများရောင်းချလျက်ရှိရာ မော်တော်ယာဉ်များ လမ်းကြောပိတ်ဆို့လျက်ရှိပါသည်။ အဆိုပါ ဈေးသည်များ သတ်မှတ်နေရာတွင် ရောင်းချနိုင်ရေး စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။

မြိုင်ဟေဝန်သား

စည်းကမ်းမဲ့ ဝပ်ရှော့ရုံ စိစစ်ပေးစေလို

စာတည်းခင်ဗျား–

ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာရှိ အများပိုင်မြေပေါ်၌ ဝပ်ရှော့ အလုပ်ရုံကို တရားမဝင် တည်ထောင် ဖွင့်လှစ်လျက်ရှိပါသည်။ ၎င်းအလုပ်ရုံမှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများအား စိတ်အနှောင့်အယှက် ဖြစ်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျွန်းကုန်းသား

အပြောတစ်မျိုး၊ အလုပ်တစ်မျိုး ဘုရားပူးကားအချို့

စာတည်းခင်ဗျား–

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်မှ ထွက်သော ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းတစ်ခု၏ ယာဉ်ဖြင့်ပုပ္ပားနှင့် ပုဂံစွယ်တော်လေးဆူ နေ့ချင်းဖူးရန် လိုက်ပါခဲ့ရာ ပုပ္ပား၊ ပုဂံညောင်ဦး ဘုရားများနှင့် စွယ်တော်သုံးဆူသာ ပို့ဆောင်ပေးပြီး ရေဝတီမြစ် အနောက် ဘက်ကမ်း တန့်ကြည့်တောင် စွယ်တော်အား ပို့ဆောင်ပေးခြင်းမပြုပါ။ ထို့အပြင် ခရီးစဉ်တွင် မပါဝင်သည့် အင်းလေး ဘုရားဖူး အစီအစဉ်ပြောင်းလဲပြီး ကားပေါ်ပါ ဘုရားဖူးများထံမှ တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ ထပ်မံတောင်းယူခဲ့ပါသည်။စွယ်တော် လေးဆူဖူးလိုသော ဘုရားဖူးများမှာ ငွေကုန်လူပန်း ဖြစ်ခဲ့ကြရပါသည်။ ဤကဲ့သို့ အပြောတစ်မျိုး၊အလုပ်တစ်မျိုး လုပ်ကိုင်နေသော ဘုရားဖူးကားအချို့အား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေဂုံညွန့်

လျှပ်စစ်မီတာတပ်ဆင်ပေးပါ

စာတည်းခင်ဗျား–

လှိုင်မြို့နယ် အမှတ် ၉ ရပ်ကွက်ရှိ အိုးအိမ်ပိုင် သုခမြိုင်အိမ်ရာမှ အချို့တိုက်ခန်းများ၌ အိမ်သုံးလျှပ်စစ်မီတာ တပ်ဆင်ပေးခြင်း မရှိသေးပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သုခမြိုင်သား

ငုဝါလမ်း လက်ဖက်ရည်ဆိုင်မှ ညှော်နံ့မခံနိုင်

စာတည်းရှင့်–

အလုံမြို့နယ် စောရန်ပိုင် (တောင်) ရပ်ကွက် ငုဝါလမ်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် နေ့စဉ် ကြော်လှော်နေခြင်းကြောင့် ညှော်နံ့များ ပတ်ဝန်းကျင်သို့ ပျံ့လွင့်နေခြင်း၊ တိုက်ခန်း အတက်အဆင်း လှေကားဝများတွင်ပါ ခုံများ လမ်းပေါက်ပိတ်၍ ခင်းကျင်းထားခြင်း၊ လက်ဖက်ရည်ဆိုင် ထိုင်သူအချို့က လမ်းသွား၊ လမ်းလာ မိန်းကလေးများကို နောက်ပြောင်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက် ဖြစ်နေရပါသည်။ ယင်း လက်ဖက်ရည်ဆိုင်အား သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

ငုဝါသူ

ကျူးကျော်ဆိုင်များ ဘုရားကန်ရေပြင်အထိ နေရာယူ ဘုရားဖူးများ စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းရှင့်–

လှိုင်မြို့နယ် ၂ရပ်ကွက်ရှိ ကမာကလုံကန်သည် ရှေးယခင်ကတည်းက သဘာဝအလျောက် တည်ရှိခဲ့သောကန်ဟု သိရပါသည်။ အဆိုပါကန်ရေလယ်တွင် မြတ်စွာဘုရားနှင့်ရဟန္တာများ ကျောင်းဆောင်တော်ကြီးကို နတ်လမ်းနှင့်တကွ တင့်တင့်တယ်တယ် တွေ့မြင်ရပြီး ကျောင်းဆောင်တော်တွင် မြတ်စွာဘုရားနှင့် ရဟန္တာဆင်းတုတော်များကို ဖူးမြော်ရခြင်း၊ တရားအားထုတ်ရခြင်းကြောင့် ကြည်နူးဝမ်းမြောက်ရပါသည်။ သို့သော် ကန်၏တောင်ဘက် ဘုရင့်နောင်လမ်းဘေးမှ ကျူးကျော်လက်ဖက်ရည်ဆိုင်များ၊ အရက်ဆိုင်များ စသည့်တဲဆိုင်များသည် ကန်ရေပြင်အထိ နေရာယူပြီး ဖွင့်လှစ်ထားရာ ဘုရားဖူးများအား အနှောင့်အယှက်ဖြစ်စေပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

ရေဆိုးများကြောင့် ခြင်ပေါက်ပွားနေ

စာတည်းခင်ဗျား–

သဃ်ာန်းကျွန်းမြို့နယ် ၁၆ ရပ်ကွက် အပိုင်း (၂) သုဒဿန (၁)လမ်းနှင့် (၂)လမ်းအောက်ဘက်ရှိ ရေမြောင်းများမှာ ရေထွက်ပေါက် ပိတ်နေပါသဖြင့် အထက်မှ စီးဆင်းလာသော ရေဆိုးများကြောင့် ခြင်များပေါက်ပွားကာ လမ်းသူလမ်းသားများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သုဒဿနသား

ဈေးအနီး၌ အမှိုက်များမီးရှို့မှု ဆောင်ရွက်ပြီး

၁၈–၉–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဟိုပင်မြို့ မြို့မတောင် ရပ်ကွက်ဈေးအနီးတွင် အမှိုက်များမီးရှို့နေမှု** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံစုပေါဝမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအတွက် ဘိုးဘွားမိဘများအားရည်စူး၍ လမ်းမတော်မြို့နယ် အမှတ်၇၈နေ ဒေါ်မြမြသင်း မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် (သီတဂူကြာတစ်ပွင့်)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲသို့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်၂၁နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအကြိမ်ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

(သတင်းစဉ်)

လက်ခံယူ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို မိခင်ကြီးဒေါ်စောတင်အားရည်စူး၍ ဒေါ်ဝါဝါ၏လှူဒါန်းငွေကို ၁၄-ဘီ/၃ ရွှေတောင်ကြား၂နေ ဖခင်ဖြစ်သူ ဦးသာဒွန်း(ဖိုးသာဒွန်း-မုံရွာ) မိသားစုက လှူဒါန်းရာ ကျောင်းဆောင်နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒက က တရားဟောရေစက်ချပြီး ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ဌေးက လက်ခံယူစဉ်။ (က-ပ)

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၈၊ မြဝတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဦးချန်စိန်ဝင်း နှင့် ဒေါ်စောကြည် တို့၏ သားထွေး

မောင်ဝေရှိန် (B.C.Sc) (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၂၂၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေ ဗိုလ်ကြီးခင်အောင်ထွန်း(ငြိမ်း) နှင့် ဒေါ်ဆွေဆွေမြင့် တို့၏ သမီးကြီး

မသန္တာထွန်း (B.C.Sc) (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)

တို့သည် ၈-၁၀-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝေရှိန်-မသန္တာထွန်း။

ကားရောင်းမည်

အိမ်စီးကား Sunny Pick-Up 84 Model

ပွဲစားမလို။

ဖုန်း-၅၄၂၄၈၄ (ရုံးချိန်အတွင်း)။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

THREE FRIENDS CONSTRUCTION CO., LTD.

လုံးချင်းနှင့်အထပ်မြင့်တိုက်များဆောက်လုပ်ပေးခြင်း

(PAE) စနစ် ➡ (ပစ္စည်းဖိုး + လုပ်အားခ + ကြီးကြပ်ခ) ပွင့်လင်းမြင်သာသောစနစ်ဖြစ်၍ မလိုအပ်သော အပိုကုန်ကျစရိတ်များ မရှိတော့သဖြင့် မိမိကုန်ကျလိုသော **Budget** အတိုင်းသာ ကုန်ကျနိုင်ပါသည်။

အရည်အသွေး ➡ ကျွမ်းကျင်သူ အင်ဂျင်နီယာ၊ ဗိသုကာများက ပုံစံထုတ် အနီးကပ် ကြီးကြပ်စီစဉ် ဆောက်လုပ်သဖြင့် အရည်အသွေး စိတ်ချရပါသည်။

ငွေပေးချေမှု ➡ အရစ်ကျငွေပေးချေမှုစနစ်သာ ဖြစ်သဖြင့် ဆောက်ပြီးသားကို ဝယ်သကဲ့သို့ တစ်လုံးတစ်ခဲကုန်ကျစရာ မလိုပါ။

ဆောက်သင့်သူများ ➡ အိမ်တွင်လူနေမရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသူများအားပေးရသောတာဝန်နှင့် ညီမျှသောအရည်အသွေးလိုချင်သူများ။

ချေးငွေ ➡ မိမိပိုင်သော မြေပေါ်တွင်ဆောက်သော ပုံစံပိုင်ပစ္စည်းဖြစ်သဖြင့် **Bank Loan**ကို ချေးငွေလိုက စည်းကမ်းနိုင်ပါသည်။ရေရှည်စိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။

ကုန်ကျစရိတ် ➡ 30'x40' နှစ်ထပ် RC အဆောက်အအုံအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း(၃၀၀)ခန့်သာဖြစ်သည်။ အချိန်ကာလမှာ(၆)လခန့်သာကြာမြင့်ပါသည်။

44A(1)၊ ကျိုက္ကဆံ အိမ်ရာ၊(ရန်ကုန် တက္ကသိုလ်များဌာနအနောက်) မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ ☎ 01-294864, 201121, 201478, 298341 09-50 11443, 09-50 10289, 09-51 54853, 09-51 55037

NAING Group Construction Co.,Ltd.

We Always Make The Best Quality.

ခေတ်မီဆန်းသစ်သော Design

ခိုင်ခံ့သော Structure တည်ဆောက်မှု

စိတ်ချရသော တာဝန်ယူမှုများနှင့်အတူ . . .

" NAING Group ၏ သီတင်းကျွတ်အထူးဈေးရောင်းပွဲတော် "

၂၀၀၆ ခုနှစ် အောက်တိုဘာလ (၆) ရက်မှ (၃၁)ရက်အထိသာ

20% Special Discount Programme

ရန်ကင်းကွန်ဒို
- Room Area - (25' x 60')
- Pile Foundation
- Elevator (Lift) (New)
- Security Control System
- Own Meter, Own Motor

ဗဟန်းကွန်ဒို
- Room Area - (23' x 58')
- Pile Foundation
- Elevator (Lift) (New)
- Security Control System
- Own Meter, Own Motor

မြို့ထဲကွန်ဒို
- Elevator (Lift) (New)
- Security Control System
- Own Meter, Own Motor

Room A-D - 1512sq.ft
Room C-F - 1624sq.ft
Room B - 1638sq.ft
Room E - 1589sq.ft

ကွန်ဒို
- Room Area - (20' x 75')
- Pile Foundation
- Elevator (Lift) (New)
- Security Control System
- Own Meter, Own Motor
- Basement Car Parking

ကွန်ဒို
- Elevator (Lift) (New)
- Own Meter, Own Motor
- Basement Car Parking

Hall Type
- Room Area - (16' x 55')
- Security Control System
- Own Meter, Own Motor
- Under Ground Tank
- Over Head Tank
- Transfomer

Hall Type
- Room Area - (17' x 50')
- Own Meter, Own Motor
- Transfomer

Hall Type
- Room Area - (17' x 50')
- Own Meter, Own Motor

Hall Type
- Room Area - (17' x 70')
- Pile Foundation
- Meter, Own Motor

- Room Area - (16' x 100')
- Own Meter, Own Motor
- Steel Tank

Decoration

(20%) Special Discount

NAING Group Home Decoration Centre မှလည်း လုံးချင်းအိမ်များကို P.A.E စနစ်ဖြင့် လက်ခံဆောင်ရွက်ပေးပြီး အိမ်တွင်းအလှဆင်ခြင်းလုပ်ငန်းများကိုလည်း 5%Discount နှုန်းဖြင့် လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Head Office
No. (117-127), 33rd Street (middle), Kyauktada Tsp. Yangon.
Ph: 09-51-12139, 09-99-27389, 95-1-248082, 375491, 381707, 383658.

Show Room -

လှိုင်ကော်မြို့တောင်သုံးလုံးခြံ စည်းရိုး ကြက်ဆူပင်စိုက်ခင်း၁၅ဧကတွင်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပေါင်းမြက်ရှင်းလင်းမှုကို ဩဂုတ် ၃၀ရက်ကပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းကွင်းဆင်းစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ လှုပ်ရှားဆောင်ရွက်

လားရှိုး အောက်တိုဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင့်ဝင့်နိုင်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု အဖြစ် စက်တင်ဘာ၂၅ရက် နံနက်၈နာရီက လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန်ရှိ အဘိုးခုနစ်ဦးနှင့်အဘွား ၁၉ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဘိုးဘွားဗိမာန်အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် အမှတ်တရသစ်ပင်စိုက်ပျိုးပွဲတော်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

စုပေါင်းကန်တော့

အခမ်းအနားတွင် အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းအဖြစ် လားရှိုးဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာသူဇာဟန်၊သွားအထူးကုဆရာဝန်ကြီး ဒေါက်တာလင်းထွဋ်နှင့် သမားတော်ကြီး ဦးနုစောတို့က ကုသဆောင်ရွက်ပေးခဲ့ကြပြီး နာယကနှင့် အဖွဲ့ဝင်များက အမှတ်တရ စုပေါင်း၍ ကြက်ဆူပင်စိုက်ပျိုးခြင်း၊ အဘိုးအဘွားများအား စုပေါင်းကန်တော့ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အမျိုးသမီးရေးရာ)**

စဥ့်ကူးမြို့၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

စဥ့်ကူး စက်တင်ဘာ ၂၀

စဥ့်ကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနက စတုတ္ထနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ (ပထမအကြိမ်) ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို စက်တင်ဘာ၃ရက် နံနက်၆နာရီက စဥ့်ကူးမြို့ရွှေရပ်တော် မြတ်စွာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေသီမော်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ကွက်အတွင်းရှိ အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယို ကာကွယ်ဆေးများ တိုက်ကျွေးပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်မြို့ ပကာရီကျေးလက် ကျောက်ချောလမ်းခင်းမှုကို စက်တင်ဘာ၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ၁၂ရက်ကကောင်းတုံကျေးလက်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိန်မောင်မြင့်ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများ စက်ယန္တရားများအသုံးပြု၍ဆောင်ရွက်ရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်တို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာရက်တိုသင်တန်းဖွင့်

ညောင်ရွှေ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအထောက်အကူပြုဆွေးနွေးပွဲ၊ စာကြည့်တိုက်ပညာ ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ရုပ်မြင်သံကြားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲနှင့် စာကြည့်တိုက်ပညာ ရက်တိုသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြတ်သူက စာကြည့်တိုက် မိတ်ဆက်ဘာသာရပ်များ ဆွေးနွေးပို့ချပြီး မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က မျိုးတူစုလုပ်ငန်း၊ ရည်ညွှန်းလုပ်ငန်း၊ စာကြည့်တိုက်ဥပဒေဘာသာရပ်များကိုလည်းကောင်း၊ ဦးစိုင်းသက်နိုင်က စာကြည့်တိုက်စာအုပ်များမှတ်ပုံတင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ပို့ချ သင်ကြားပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေဦးမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဖွင့်

ရေဦး အောက်တိုဘာ ၁

ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ရက်ညနေ၃နာရီက မြို့မကျောက်တိုင်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ယှဉ်ပြိုင်ကစားကြမည့် အောင်ချမ်းသာ(က)ရပ်ကွက် ဘောလုံးအသင်းနှင့် လေးရွာကျေးရွာအုပ်စုဘောလုံးအသင်းတို့မှ အားကစားသမားများထံသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးဖုန်းမြင့်ဝေက ကွင်းအတွင်းသို့ ဘောလုံးကန်သွင်း၍ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ မြို့နယ် အတွင်းရေးမှူးနှင့် ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်း၃၂သင်းမှ အားကစား သမားများ၊ အထက(၁)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ နွားပွဲဈေးကုန်းရှိ ကြက်ဆူပင်စိုက်ခင်းတွင် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် မြေတောင်မြှောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးဇော်ထွန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြီးနီစုကျေးရွာစာကြည့်တိုက် အဆောက်အအုံဖွင့်ရေးဆွေးနွေး ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်နှင့်စာအုပ်စာစောင်များလှူဒါန်း

မြောင်းမြ အောက်တိုဘာ ၂

မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်တက်ကြွသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ မြောင်းမြခရိုင်အတွင်း ဖြစ်ပေါ်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်မြင့်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးအောင်မင်းတို့လိုက်ပါလျက် ဝါးခယ်မမြို့နယ်ဦးစီးမှူး ဦးတင်မြင့်ဦးနှင့်အတူ စက်တင်ဘာ၂၁ရက်က ဝါးခယ်မမြို့နယ် ကြီးနီစုကျေးရွာသို့သွားရောက်ပြီး ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီများနှင့်တွေ့ဆုံ၍ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော ကြီးနီစုကျေးရွာစာကြည့်တိုက်အဆောက်အအုံ ဖွင့်လှစ်နိုင်ရေး၊ ရှင်သန်တက်ကြွသော စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက်အဆိုပါအဖွဲ့သည်ကြီးနီစုကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှလှူဒါန်းထားသော၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက်၊ရေဒီယိုကက်ဆက်နှင့် စာအုပ်စာစောင်များကို ထပ်ဆင့်ပေးအပ်လှူဒါန်းကြသည်။ **(ယာပုံ)**

အလားတူ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်မြင့်သည် အိမ်မဲ၊ မော်လမြိုင်ကျွန်းနှင့်လပွတ္တာမြို့နယ်ရုံးများသို့ သွားရောက်ပြီး ဖွင့်လှစ်ထားသော ရပ်ကွက်ကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များသို့ သွားရောက်စစ်ဆေးသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးမြို့ ကျုံးသာယာလှပရေးနှင့် သန့်ရှင်းရေးလုပ်ငန်းကို ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရာ စက်တင်ဘာ ၃ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံ ကျုံကဒွန်းကျေးရွာ သောက်သုံးရေကန် သံကူကွန်ကရစ်တိုင်နှင့် သံဆူးကြိုးများကာရံ

ဖျာပုံ အောက်တိုဘာ ၅

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဖျာပုံမြို့နှင့် ကျုံကူကျေးရွာသို့ ဆက်သွယ်ထားသည့် ကြိုးတံတားပြန်လည်ပြင်ဆင်ခြင်း၊ ရှမ်းကွင်းကျေးရွာမှ ဖျာပုံ-ကျိုက်လတ် ဆက်သွယ်သည့်ကားလမ်း အရှည် ပေ ၂၀၀၀၊ အကျယ် ၁၀ ပေ လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ စက်တင်ဘာ ၂၅ ရက်က တာဝန်ခံအင်ဂျင်နီယာဦးဇော်ထွန်း ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ ဦးကျော်ခိုင်နှင့်အဖွဲ့သည် ကျုံကဒွန်းကျေးရွာ သောက်သုံးရေကန် ပတ်လည်ကို သံကူကွန်ကရစ်တိုင်နှင့် သံဆူးကြိုးများကာရံခြင်း၊ ကန်ပေါင်ပတ်ဝန်းကျင် ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(၁၅၈)**

စိမ့်စမ်းရေသွယ်ရေး မြေပြင်တိုင်းတာ

မိုးညှင်း အောက်တိုဘာ ၁

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးဆောင်ရွက်မည့် မော်တန်ကျေးရွာ စိမ့်စမ်းရေသွယ်ရေး ဆောင်ရွက်ရန် မြေမျက်နှာပြင် တိုင်းတာခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ ဦးဒေဝအောင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်က အမှုဆောင်အရာရှိဦးစိုးညွှန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့ ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးမျိုးထွန်း (အင်ဂျင်နီယာ) နှစ်နှစ်ပြည့်အားရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မအူပင်လမ်းတိုက်(၃)နေ မိခင် ဒေါ်ခင်သန်း မိသားစုနှင့် စမ်းချောင်းမြို့နယ် မင်းညွှန့်လမ်း အမှတ်(၃)နေ ဒေါ်လှခင်နှင့်သားသမီး မိသားစုတို့က အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးတို့ စက်တင်ဘာ ၁၀ရက်က တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဆန်ဆိုင်း-မယ်ခေါင် ကွန်ကရစ်တံတား တည်ဆောက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင်ပရိဝုဏ်အတွင်း အရံစေတီတော်များပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ မဏ္ဍပ်ရုံတွင်ကျင်းပရာ မန္တလေးမြို့နေ ဒေါ်ပြုံးပြုံး (လှူပုံတော်တံဆိပ် ရွှေဆိုင်း) မိသားစုက ငွေကျပ် ရှစ်သိန်း ငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က လက်ခံယူစဉ်။ (၁၆၈)

မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်သီတာဦးတို့က စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ပေါင်းမြက်များရှင်းလင်း မြေယာရှုခင်းပြုပြင်

အင်းတော် အောက်တိုဘာ ၂

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် စက်တင်ဘာ၂၃ရက်က မြို့သာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်အောက်ခြေနှင့် ပြည်ထောင်စု လမ်းမဘေးဝဲယာတစ်လျှောက် ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေယာရှုခင်းပန်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားဖွင့်

ဝါးခယ်မ အောက်တိုဘာ ၅

ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဂေါ်သူတောင်ကျေးရွာအုပ်စု ဂေါ်သူတောင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးသံကူကွန်ကရစ်ချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်မြတ်ခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်သန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်မြတ်ခိုင်နှင့် အလှူရှင် ဦးဝင်းဦး-ဒေါ်မာမာအေး မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ဂေါ်သူတောင်ကျေးရွာ သံကူကွန်ကရစ်ချောင်းကူးတံတားမှာ အရှည်ပေ ၆၀၊ အကျယ် ၇ ပေရှိပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေနိုင်ရေးအတွက် အလှူရှင် ဦးဝင်းဦး-ဒေါ်မာမာအေးနှင့် မိသားစုများက ငွေကျပ် ၂၆ သိန်း အကုန်အကျခံကာ တည်ဆောက်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
(သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)
၁၀-၁၀-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေး)**
(၁) တောခလေ့ (ညီညီလေး)
(၂) သုဝဏ္ဏသျှံ (ပြည်လှဖေ)
-အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေး)
(၃) ချစ်စရာ့ပန်း (တင်တင်မြ)

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အဖိုးတန်ကျွန်းသစ်)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (အိုင်ချင်းများက ပြောသော မြန်မာ့လူနေမှုဘဝ) (သာရဝေါါစိုးကြည်)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ကိုယ့်ဘာသာစကားကို ကိုယ်ထိန်းမှ) (ဦးတင်ဦး)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဝန္ဒာမိပါ)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စွယ်စုံအသုံးဝင် ထန်းတစ်ပင်) (ဒေါ်သန်းသန်းမာ-ကထိက)

၁၃:၁၀ ပညာရေးအစီအစဉ် (အလယ်တန်း အင်္ဂလိပ်စာ)
(Comprehension for
°°Middle School Students)

ညနေပိုင်း

၁၆:၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) စိမ်းစိုလာသော ကောက်ပင်ပျို (စန္ဒရားဘိုကြီးအဖွဲ့)
(၂) ငါတည်းဟူသောမာန (ပုရစ်ဖူး တေးအဖွဲ့)
(၃) စပါးခင်းက တို့မိတ်ဆွေများ (မြန်မာ့အသံအဖွဲ့)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကြံ့ခိုင်စေရေး နေရာမရွေး လေ့ကျင့်ပေး) (အောင်ကောင်း)

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ရိက္ခာဖူလုံဖို့ စိုက်ပျိုးစို့)

၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (မျက်စိကျန်းမာရေးနှင့် အမြင်သန်စွမ်းရေး)

၂၀:၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ် (သီတင်းကျွတ်ပြီလေ)

၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်ရသည်က အသက်ထက်ဆုံး (ကိုသန်းလှိုင်)
(၂) သက်ဆိုင်သူသို့(ကြည်ကြည်ဌေး)
(၃) စံပယ်တစ်ပွင့် ညှိုးမှာစိုးတယ် (သန်းဖေလေး)

သံတွဲခရိုင်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ သုခိတာရာမပရိယတ္တိ စာသင်တိုက်တွင် စက်တင်ဘာ ၃၀ ရက်က ဆရာတော်ဦးမာဃိန္ဒအား အမှူးထား၍ သံဃာတော်မြတ်များအား အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၂၉)

ဘုရားဖြူစာတော်ပြန်ပွဲ အချိန်စာရင်းကြေညာ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်းက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုဘုရားဖြူစာတော်ပြန်ပွဲကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူ စာသင်တိုက် အတွင်း၌ နိုဝင်ဘာ ၁၈ရက်တွင် အကြီးတန်း၊ အငယ်တန်းအာဂုံ၊ နိုဝင်ဘာ ၁၉နှင့် ၂၀ရက်တွင် မူလတန်းအာဂုံကိုလည်းကောင်း၊ ၂၂ မှ ၂၆ရက်အထိ စာချတန်း ရေးဖြေကိုလည်းကောင်း၊ ၂၂ နှင့် ၂၃ရက်တို့တွင် အကြီးတန်းရေးဖြေကို လည်းကောင်း၊ ၂၄ နှင့် ၂၅ရက်တို့တွင် အငယ်တန်း ရေးဖြေတို့ကိုလည်းကောင်း၊ ၂၆ရက်တွင် မူလတန်းရေးဖြေကိုလည်းကောင်း မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝင်ခွင့်ထုတ်ယူကြသော သံဃာတော်များသည် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ဝင်ခွင့်များကို ပြန်လည် ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးဆောင်၍ အောက်တိုဘာ ၁ရက်က နွယ်အေးရပ်ကွက် ဘဝရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်အုန်းညွန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်လုံးဆိုင်ရာ သာသနဟိတကာရီမွေရုံ နာယကများနှင့် အကျိုးဆောင်များက သံဃာအပါး ၅၀၀ အား ဝါတွင်းသုံးလ ဆွမ်းလှူအောင်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်နေ့က မွေရုံတွင်ကျင်းပရာ အောင်မြေဗိမာန် စာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မိသရထံ ဦးကျော်သူရ-ဒေါ်ရီလေးနွယ် မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၂၅၉)

ကျောက်ပန်းတောင်းမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ ဆွမ်းဆန်တော်လောင်းလှူ

ကျောက်ပန်းတောင်း အောက်တိုဘာ ၁

ကျောက်ပန်းတောင်းမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့၏ ပဌမအကြိမ် ဒုတိယနှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်တော်မူ၍ တက်ရောက် ကြည်ညိုကြသော ဒါယကာ၊ ဒါယိကာမပရိသတ်တို့အား သဘာပတိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တခေမိန္ဒ (မွေ့စရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်က ငါးပါးသီလ ချီးမြှင့်တော်မူပြီး လှူဒါန်းမှု ကုသိုလ်အစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌဆရာတော်က အဖွင့်သြဝါဒကထာမြွက်ကြားတော်မူရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက်မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးသို့ မြို့နယ်သံဃနာယကအဖွဲ့၏တင်သွင်းသော ဝိနိစ္ဆယဆိုင်ရာ အစီရင်ခံစာကို လည်းကောင်း၊ ပညာရေးဆိုင်ရာကို လည်းကောင်း၊ သာသနာရေးဆိုင်ရာတို့ကိုလည်းကောင်း နာယကအဖွဲ့ဝင်ဆရာတော်သုံးပါးတို့က တင်ပြလျှောက်ထားကြသည်။

မြို့နယ်သံဃာ့ဝန်ဆောင် နှစ်ပတ်လည်အစည်းအဝေးအပြီးတွင်ကြွရောက်တော်မူလာကြသော ဆရာတော်အပါး ၂၀၀ကျော်အား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များနှင့်အသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ရပ်ကွက်များမှ ကုသိုလ်ရှင်များက လှူဖွယ်ပစ္စည်းမျိုးစုံနှင့် ဆွမ်းဆန်တော်များ လောင်းလှူကြသည်။ **(ဝ၆၁)**

စက်တင်ဘာ ၂၀ ရက်က ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်း ပြည့်စေတီတော်တွင် ထာဝရပဒေသာပင် အလှူငွေအတွက် ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် အမှတ် ၂၀ ပြည်သာယာလမ်းနေ ဦးသန်းဌေး-ဒေါ်ခင်မျိုးတင့်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင် ဦးသောင်းမြင့်တို့က အလှူငွေလက်ခံစဉ်။ (က-ပ)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ချင်းပြည်နယ် စိုက်ပျိုးရေးလုပ်ငန်း လက်ဖက်ခူးနှင့် ကိုင်းဖြတ်နည်းပြသ မြေအစိုဓာတ်ထိန်းသိမ်းနည်း ရှင်းလင်း

ဟားခါး အောက်တိုဘာ ၃

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ လက်ဖက်ဆွတ်ခူးနည်းနှင့် ကိုင်းဖြတ်နည်းသရုပ်ပြသပွဲကို စက်တင်ဘာ ၂၈ရက်နံနက် ၉နာရီက ဟားခါးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်ဖက်စိုက်ခင်းနှင့် အင်ဂျာလို လက်ဖက်စိုက်ခင်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လက်ဖက်စိုက်တောင်သူများ စုပေါင်းတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ချင်းပြည်နယ်မန်နေဂျာ ဦးအေးကိုကိုနှင့် ကျောဘုတ်ခြံတာဝန်ခံဦးယုဒသန်တို့က လက်ဖက်ခြောက် (အကြမ်းခြောက်) ပြုလုပ်ရန် လက်ဖက်စနစ်တကျ ခူးဆွတ်ခြင်း၊ အကိုင်းဖြာအောင်အပင်ပုံသွင်းပြုပြင်ခြင်း၊ မြေအစိုဓာတ်ထိန်းသိမ်းကာကွယ်နည်းတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လက်ဖက်စိုက်ခင်း၌ စနစ်တကျလက်ဖက်ခူးဆွတ်ခြင်း၊ အကိုင်းဖြာအောင်အပင်ပုံသွင်းပြုပြင်နည်းများကို တက်ရောက်လာကြသူများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းများက လက်တွေ့ပြသပြီး လက်ဖက်ရွက်များကို လက်တွေ့ခူးဆွတ်ပြသကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

မြစ်ငယ် စက်တင်ဘာ ၃၀

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ်တွင် စတုတ္ထနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ၏ ပထမအကြိမ် အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ် ဆေးတိုက်ကျွေးနေ့များ အခမ်းအနား ကို စက်တင်ဘာ ၃ရက် နံနက် ၆နာရီက မြစ်ငယ်မီးရထားခန်းမတွင်ကျင်းပသည်။

တိုက်ကျွေး

ရှေးဦးစွာ မန္တလေး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းယုတို့က ပိုလီယိုရောဂါကင်းစင်ရေးနှင့် ဆေးတိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အသက်ငါးနှစ်အောက်ကလေးများကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြသည်။

ကူညီ

ဆေးတိုက်ကျွေးရာတွင်ကျန်းမာရေးဌာနမှ ဦးစီးဆောင်ရွက်ပြီး မြစ်ငယ်မြို့မဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။ **(၂၀၉)**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး အမူအကျင့်ပြောင်းလဲရန် ဆရာဖြစ်သင်တန်းဆင်း

အုတ်ဖို အောက်တိုဘာ ၂

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွားဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဆင်းပွဲကို စက်တင်ဘာ ၂၉ ရက်မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးကျော့ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်-ပြည်လမ်းဘေးဝဲယာ တစ်လျှောက်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခရမ်းနှင့်သုံးခွမြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးပမ်းရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်နှင့်သုံးခွမြို့နယ်သို့ သွားရောက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

လိုက်လံကြည့်ရှု

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နံနက်၉နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် သက္ကယ်ကုန်းကျေးရွာရှိ ဦးခင်တိုး၏ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိလာပြီး ငါးကန်များအတွင်း တီလားပီးယား၊ ငါးတန်နှင့် ငါးမြစ်ချင်း ငါးမျိုးများ မွေးမြူဖြစ်ထွန်းနေမှု၊ မြင်းကောင်ရေ (၁၄၀)အားရှိ တီအီး(၂၁) စပါးခွံ ဓာတ်ငွေ့သုံး အင်ဂျင်ဖြင့် ရေတင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်၍ ငါးစာကျွေးစက်ဖြင့် ငါးစာ ကျွေးနေမှုတို့ကို လိုက်လံကြည့်ရှုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လျစ်လျူရှု နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါး ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ရန် ကြိုးစားခြင်းဖြစ်၍

မြန်မာနိုင်ငံအရေး လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးမည့်အစီအစဉ်အား ဆန့်ကျင်ကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၈

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့ သံတောင်မြောက်ပိုင်းအထူးဒေသက သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့ သံတောင်မြောက်ပိုင်း အထူးဒေသ၏ အမေရိကန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုအား လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ကြေညာချက်

ရက်စွဲ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်

၁။ အမေရိကန်နိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြချက်အရ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီအာဂျင်ဒါတွင် မြန်မာနိုင်ငံ အခြေအနေ ခေါင်းစဉ်ဖြင့် ထည့်သွင်းဆွေးနွေးရန် အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

၂။ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်နိုင်ရေး ကြိုးစားလျက်ရှိရာ ယခုအခါတွင် ကုလသမဂ္ဂအား အသုံးချ၍ မြန်မာနိုင်ငံရေးအား ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်လျက်ရှိသော ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားလျစ်လျူရှုပြီး နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးအား ထိပါးစော်ကားခြင်း၊ ကျင်းပပြုလုပ်နေသည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ လူတန်းစားအသီးသီးပါဝင်သည့် အမျိုးသားညီလာခံအားပျက်ပြားစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အခြေအနေခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင်ထည့်သွင်းဆွေးနွေးရန် တင်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။

၃။ သံတောင်မြောက်ပိုင်း အထူးဒေသငြိမ်းချမ်းရေးအဖွဲ့အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထုတို့၏ ပူးပေါင်းကူညီမှုဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်၏ ချမှတ်ထားသော မူဝါဒလမ်းစဉ်များနှင့်အညီ နေထိုင်ပြီး

စာမျက်နှာ ၉ ကော်လံ ၃ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပါတီသည်နိုင်ငံနှင့်ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာလုပ်ဆောင် ရွှေတောင်မြို့နယ် NLD ပါတီဝင် ၃၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၈

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ရွှေဟင်္သာကျေးရွာမှ ဦးမြင့်ဦး အပါအဝင် ရပ်/ကျေးအဖွဲ့ဝင်များဖြစ်ကြသော ကျောက်မြင့်ကျေးရွာအုပ်စုမှ ရှစ်ဦး၊ မယားမာန်ကျေးရွာအုပ်စုမှ တစ်ဦး၊ သာစည်ကုန်းကျေးရွာအုပ်စုမှ လေးဦး၊ ယွန်တန်းရပ်ကွက်မှ တစ်ဦး၊ ကွင်းယားကြီး ကျေးရွာအုပ်စုမှ လေးဦး၊ ကျီးသဲကျေးရွာအုပ်စုမှ နှစ်ဦး၊ ကသစ်တိုင်းကျေးရွာအုပ်စုမှ သုံးဦး၊ သရက်သုံးပင်ကျေးရွာအုပ်စုမှ ၁၀ဦး အပါအဝင် စုစုပေါင်း ၃၄ဦးတို့သည် ဩဂုတ် ၁၀ရက်တွင်လည်းကောင်း၊ သရက်တောရပ်ကွက်မှ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကြည်မြင့်၊ ကြာနီကန်ရပ်ကွက် စည်းရုံးရေးမှူး ဦးသန်းထွန်းနှင့် ဆင်သေကျေးရွာအုပ်စုမှ ဦးဝင်းနိုင်တို့ သုံးဦးသည် စက်တင်ဘာ ၁၅ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ် သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေတောင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေသည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိခြင်းကြောင့် NLD ပါတီအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)